# ဓမ္မခန္ဓာ (၅) “စတုဒိသာ” (အာလ် မာအိဒါဟ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၂)၊ သုတ်ဒေသနာ (၁၂၀)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၅း၁]

| | |
|---|---|
| ၁။<br><br>ဝတ်ကြောင်စွန့်ထားစဉ် | **يَا أَيُّهَا الَّذِينَ آمَنُواْ أَوْفُواْ بِالْعُقُودِ أُحِلَّتْ لَكُم بَهِيمَةُ الأَنْعَامِ إِلاَّ مَا يُتْلَى عَلَيْكُمْ غَيْرَ مُحِلِّي الصَّيْدِ وَأَنتُمْ حُرُمٌ إِنَّ اللّهَ يَحْكُمُ مَا يُرِيدُ۞**<br>အို ယုံကြည်သောသူတို့၊ သင်တို့၏ ကတိထုံးဖွဲ့မှုကို ပြီးပြည့်စေကြလော့၊ သင်တို့အား ရွတ်ဖတ်ပြသော၊ ခွာကွဲ စားမြုံ့ပြန် တိရိစ္ဆာန်များများမှအပ သင်တို့အတို့ တရားဝင် ဖြစ်၏။ သင်တို့သည် **သက်ိန်းရုံထားစဉ်**[၂၉၈] အမဲလိုက် လှုပ်ရှားခြင်းသည် တရားမဝင်ပေ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိသည်ကို စီရင်ထုံးပြုတော်မူ၏။[၂၉၉] |
| ၂။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُحِلُّواْ شَعَآئِرَ اللّهِ وَلاَ الشَّهْرَ الْحَرَامَ وَلاَ الْهَدْيَ وَلاَ الْقَلآئِدَ وَلا آمِّينَ الْبَيْتَ الْحَرَامَ يَبْتَغُونَ فَضْلاً مِّن رَّبِّهِمْ وَرِضْوَانًا وَإِذَا حَلَلْتُمْ فَاصْطَادُواْ وَلاَ يَجْرِمَنَّكُمْ شَنَآنُ قَوْمٍ أَن صَدُّوكُمْ عَنِ الْمَسْجِدِ الْحَرَامِ أَن تَعْتَدُواْ وَتَعَاوَنُواْ عَلَى الْبرِّ وَالتَّقْوَى وَلاَ تَعَاوَنُواْ عَلَى الإِثْمِ وَالْعُدْوَانِ وَاتَّقُواْ اللّهَ إِنَّ اللّهَ شَدِيدُ الْعِقَابِ۞**<br>အို ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင် သတ်မှတ်သည့် နေရာများ၊[၃၀၀] ဘေးမဲ့လများ၊ အလှူဝတ္ထုများ၊ [၃၀၁] ပန်းကုံးများ၊ ကံကြမ္မာရှင်၏ သိက္ခာပေးမှု၊ နှစ်မြို့မှုကို ရှာဖွေရန် ဘေးမဲ့ဝတ်ကျောင်းတော်သို့ ဦးတည်လာသူတို့အပေါ် |

---

**(၂၉၈)** ၂း၁၅၈၊ ၁၉၆ တွင် **ဟာ့ဂျ်** ကို ကံဆောင်ပရိဝုါသ်ပြုခြင်း ဟု ဘာသာပြန်ခဲ့၍ ဤသုတ်တော်တွင် ပရိဝုါသ်ပြုစဉ် ဝတ်ရသော ဝတ်ရုံအား **သက်ိန်း**ဟု ပြန်ဆိုပါသည်။ အကြောင်းမှာ ထိုဝတ်ရုံ၏ အမည်ကို အာရ်ဗီစကား **ဟုရုမ္မန်** ဟု ဖြစ်၍၊ အဓိပ္ပါယ်မှာ မကောင်းမှုကို တားမြစ်ခြင်း၊ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း ဟူသော စကား **ဟာရမ်** မှ ဆင့်ပွားခြင်း ဖြစ်ပေသည်။ ထိုသို့မကောင်းမှုကို တားမြစ်ထားသောကြောင့် မြင့်မြတ်သော အရာများကိုလည်း (ဟာရမ်) ဟု သုံးပေသည်။ ထို့အပြင် ထိုဝတ်ရုံသည် ဝတ်ကြောင် ဖြစ်ခွင့် မရှိပေ။ ပကတိအဖြူ သို့မဟုတ် အမဲရောင်သာ ဖြစ်ရပေသည်။ ထိုဝတ်ရုံအား အင်္ကျီချုပ်ဝတ် သကဲ့သို့ ဝတ်ဆင်ခြင်း မဟုတ်ဘဲ သက်ိန်းရုံ သကဲ့သို့ ရုံပေသည်။

**(၂၉၉)** ဤသုတ်တော်မှ ရွတ်ဖတ်ပြသော ခြေလေးချောင်း တိရိစ္ဆာန်တို့ ဆိုသည်မှာ “ခွာကွဲ၍ စားမြုံ့မပြန်သော အသားများ” ဖြစ်သည် (၂း၁၇၃)၊ ထို့အပြင် ၅း၃ ပါ အချက်အလက်များနှင့် ငြိစွန်းသော အသားများသည်လည်း အစ္စလာမ် သာသနာဝင်တို့ အတွက် တားမြစ်ထားပေသည်။ ဤကျမ်းတော်တွင် ပညတ် ရွတ်ဖတ်ပြသော တိရိစ္ဆာန်များမှအပ ကျန် ခြေလေးချောင်း တိရိစ္ဆာန်တို့ကို အစ္စလာမ် သာသနာဝင်တို့ အတွက် သုံးဆောင်ခွင့်ပြုထားပေသည်။

**(၃၀၀)** ပရမတ်ဘုရားရှင်၏ သတ်မှတ်သော နေရာများ ဆိုသည်မှာ ဆရ်ဖာ နှင့် မရ်ဝါ တောင်ပူစာ နှစ်ခု (၂း၁၅၈) နှင့် အလှူဝတ္ထုတွင် အပါအဝင် ဖြစ်သည့် သားကောင်များကို အသားဖြစ်ရန် ပြုလုပ်သော သတ်မှတ်သည့် နေရာများကို ဆိုလိုပေသည်၊ (၂၂း၃၆)။ လူသားသန်းပေါင်းများစွာ စုပေါင်း၍ ကျင်းပသော ကံဆောင်ပွဲကြီးတွင် နားနေရန်၊ အစားအသောက် စီစဉ်ရန် နေရာများကို စနစ်တကျ သတ်မှတ်ထားခြင်းမှာ ပြီးပြည့် စုံသော ဥပဒေ ပညတ်ပင် ဖြစ်ပေသည်။

**(၃၀၁)** အလှူဝတ္ထုများ ဆိုသည်မှာ စုပေါင်းကံဆောင်ရန်လာသော လူသားအပေါင်းအား စားသောက်ရေး ပြေလည်စေရန် အတွက် ပေးပို့သော အလှူဒါနများနှင့် သီးသန့်ဂုဏ်ပြု သတ်မှတ်ထားသော လှူဘွယ်များ ဖြစ်သည်။ ဆရာတော်ကြီးများက **အလ်ဟာဒ်ယ** ကို **ကုရ်ဘာနီ** သားကောင် ဟု ဘာသာပြန်ကြသည်။ ၎င်းမှာ မပြည့်စုံပေ အဘယ်ကြောင့်ဆိုသော် ၂း၁၉၆ တွင် “ကံဆောင်ပရိဝုါသ်” ပြုရန် သွားသူများ အတွက် ပေးပို့သော

| | |
|---|---|
| | ဥပဒေမဲ့မပြုမူရ။ သင်တို့အား တရားဝင်ပြဋ္ဌာန်းပေးသောအခါ အမဲလိုက်နိုင်၏။ သင်တို့အား ဘေးမဲ့ဝတ်ကျောင်းတော်မှ ဖယ်ခိုင်းသည့် လူမျိုးအား စည်းဖောက်လျှက် ရာဇဝတ်မှုမပြုရ[၁၀၂] ကောင်းမှုနှင့် စည်းစောင့်မှု၌သာ ပံ့ပိုးကြလော့၊ အကုသိုလ်မှု စည်းဖောက်မှုများကို မပံ့ပိုးကြနှင့်၊ ပရမတ်ဘုရားရှင်၌ စည်းစောင့်ကြလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။ |
| ၃။<br><br>✡၂း၁၇၃<br><br>အစ္စလာမ် | **حُرِّمَتْ عَلَيْكُمُ الْمَيْتَةُ وَالْدَّمُ وَلَحْمُ الْخِنْزِيرِ وَمَا أُهِلَّ لِغَيْرِ اللّهِ بِهِ وَالْمُنْخَنِقَةُ وَالْمَوْقُوذَةُ وَالْمُتَرَدِّيَةُ وَالنَّطِيحَةُ وَمَا أَكَلَ السَّبُعُ إِلاَّ مَا ذَكَّيْتُمْ وَمَا ذُبِحَ عَلَى النُّصُبِ وَأَن تَسْتَقْسِمُواْ بِالأَزْلاَمِ ذَلِكُمْ فِسْقٌ الْيَوْمَ يَئِسَ الَّذِينَ كَفَرُواْ مِن دِينِكُمْ فَلاَ تَخْشَوْهُمْ وَاخْشَوْنِ الْيَوْمَ أَكْمَلْتُ لَكُمْ دِينَكُمْ وَأَتْمَمْتُ عَلَيْكُمْ نِعْمَتِي وَرَضِيتُ لَكُمُ الإِسْلاَمَ دِينًا فَمَنِ اضْطُرَّ فِي مَخْمَصَةٍ غَيْرَ مُتَجَانِفٍ لِّإِثْمٍ فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞**<br>သင်တို့အား တားမြစ်သည်များမှာ၊ အသေကောင်၊ သွေး၊ ဝက်သား၊✡ ပရမတ်ဘုရားရှင်အား မှကင်း၍ အခြားအရာအား တိုင်တည်လှီးသတ်ရာတို့၊ လည်ညှစ်သတ်ရာ၊ ရိုက်သတ်ရာ၊ ကျသေရာ၊ တိုက်သေရာ၊[၁၀၃] သင်တို့ လှီးဖြတ်ရန်မမှီသော သားရဲကိုက်စားရာ၊ အကိုးထိုးရန်[၁၀၃/၁] လှီးသတ်ရာနှင့် တိုင်တည် ကံစမ်းမြှားပစ်ခြင်းများ ဖြစ်၏။ ယင်းတို့သည် ကောက်ကျစ်ယုတ်မာမှုများ ဖြစ်၏၊ ဤနေ့တွင် ဖုံးကွယ်သော သူတို့သည် သင်တို့၏ သာသနာအား လက်လျှော့ရပြီ၊ သူတို့အား မကြောက်ကြကုန်နှင့်၊ ငါ့ကိုသာ ကြောက်ရွံ့ကြလော့။ ဤနေ့၌ ငါသည် သင်တို့ အတွက် သာသနာကို ငါ၏ ဂုဏ်ပေး နှစ်သက်မှုဖြင့် သင်တို့အပေါ် ပြည့်စုံစေပြီ။ သင်တို့အတွက် **သဿိသုခလမ်းစဉ်**ကို သာသနာ အဖြစ် သတ်မှတ်တော်မူပြီ၊ အမှား အပြစ် ကင်းလျှက် တွန်းပို့ခံရသူ အတွက် ဧကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၄။ | **يَسْأَلُونَكَ مَاذَا أُحِلَّ لَهُمْ قُلْ أُحِلَّ لَكُمُ الطَّيِّبَاتُ وَمَا عَلَّمْتُم مِّنَ الْجَوَارِحِ مُكَلِّبِينَ تُعَلِّمُونَهُنَّ مِمَّا عَلَّمَكُمُ اللّهُ فَكُلُواْ مِمَّا أَمْسَكْنَ عَلَيْكُمْ وَاذْكُرُواْ اسْمَ اللّهِ عَلَيْهِ وَاتَّقُواْ اللّهَ إِنَّ اللّهَ سَرِيعُ الْحِسَابِ ۞**<br>အဘယ်အရာသည် တရားဝင်သနည်းဟု မေးကြသူတို့အား "စင်ကြယ်သည်များမှာ သင်တို့အတွက် တရားဝင်၏၊" ဟု ပြောကြားလော့။ ပရမတ်ဘုရားရှင်က သင်တို့အား သင်ပေးသည့်အတိုင်း သင်ပေးထားသော သင်တို့၏ သင်ပေးထားသည့် အမဲလိုက်ခွေးများ၏ ဖမ်းဆီးထားသော အသားများကို– စားသုံးရာတွင် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရကြကုန်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့် တပြေးညီ စရင်းစစ်နေတော်မူ၏။ |

အလှူဝတ္ထုများမှာ သားကောင်များ ဖြစ်သည်ဟု ဆိုမထားပေ။ သို့သော် စားသုံးရန်အတွက် သားကောင်များကို မလှူရ ဟုလည်း တားမြစ်မထားပေ။ ထို့ကြောင့် အလှူဝတ္ထုတွင် သားကောင်များလည်း ပါနိုင်ပေသည်။ ပန်းကုံးများ ဆိုသည်မှာ ဂုဏ်ပြု ပန်းကုံးစွပ်ခြင်း ကဲ့သို့ အထူးဂုဏ်ပြုဖော်ပြသော အမိက ဖြစ်သည်ဟု သတ်မှတ်ထားသော အလှူဝတ္ထုများကို ခေါ်ပေသည်။

(၁၀၂) ဤအချင်းအရာသည် စုပေါင်း ပရိဝုါသ်ပြုပြီးသူ တစ်ဦး၏ စောင့်ထိန်းရမည့် သီလများအနက်မှ အရေးအကြီးဆုံး သီလတစ်ပါး ဖြစ်သည်။ လူတစ်ဦး တစ်ယောက်သည် မိမိ "ဟာဂျီ" ဖြစ်လာလျှင် အနည်းဆုံး အနေဖြင့် မိမိအား ဘာသာရေးအရပင် ဖြစ်စေ ရန်ပြုခဲ့သည့် ရန်သူကိုပင် မုန်းတီးစိတ် ထားခွင့် မရှိတော့ပေ။ မိမိ၏စိတ်ကို တရားမျှတမှု ကုသိုလ်ပွားမှု စသည့် ကောင်းမှုများကိုသာ ပြုရန် အမြဲ တိုက်တွန်းနေရပေမည်။

(၁၀၃) အင်္ဂလိပ်စကား **النَّطِيحَة နတွီးဟတ်** ဆိုသည်မှာ ဦးခေါင်းဖြင့် တိုက်သည်ဟု အနက်ရပေသည်။ ထို့ကြောင့် ကျွဲ၊ နွား စသော တိရစ္ဆာန်တို့ ဦးချိုဖြင့် ခတ်၍ သေသော အသား၊ ကား၊ ရထားတိုက်၍ သေသော အသားအားလုံး အကျုံးဝင်ပေသည်။

(၁၀၃/၁) ဤသုတ်တော်မှ **النُّصُبِ** ကို ဆရာတော်ကြီးများက ယဇ်ပူဇော်သည်ဟု ဘာသာပြန်ကြသည်။ ၎င်းသည် ရင်းမြစ် **ب ص ن** မှ ဆင့်ပွားခြင်းဖြစ်၍ ကျမ်းတော်တွင် စုစုပေါင်း ၃၂ ကြိမ် ပါဝင်သည်။ အကြီးအကျယ် အပင်ပန်းခံရာမှ ရလာသော အကျိုးဆက်အား ဝေစုခွဲခြင်း သို့မဟုတ် ဝေစုခွဲပေးခြင်းဟု အဓိပ္ပါယ်ကို ဆောင်ပေသည်။ ထိုရပိုင်ခွင့် ဝေစုမှ အာဏာပိုင်တို့အား ဖား၍ လာဘ်ထိုးခြင်း။ ရုပ်ပွားဆင်းတုများ တည်၍ အကိုးထိုး လာဘ်ထိုးခြင်း (ဝေစုခွဲပေးခြင်း)များကို ဆိုလိုပေသည်။ ၅း၉၀။ ၁၆း၅၆။

| | |
|---|---|
| ၅။<br><br><br><br><br><br><br>☆၂၄း၃၃ | اَلْيَوْمَ أُحِلَّ لَكُمُ الطَّيِّبَاتُ وَطَعَامُ الَّذِينَ أُوتُواْ الْكِتَابَ حِلٌّ لَّكُمْ وَطَعَامُكُمْ حِلُّ لَّهُمْ وَالْمُحْصَنَاتُ مِنَ الْمُؤْمِنَاتِ وَالْمُحْصَنَاتُ مِنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ إِذَا آتَيْتُمُوهُنَّ أُجُورَهُنَّ مُحْصِنِينَ غَيْرَ مُسَافِحِينَ وَلاَ مُتَّخِذِي أَخْدَانٍ وَمَن يَكْفُرْ بِالإِيمَانِ فَقَدْ حَبِطَ عَمَلُهُ وَهُوَ فِي الآخِرَةِ مِنَ الْخَاسِرِينَ۞<br>ဤနေ့၌ စင်ကြယ်ရာများသည် သင်တို့အတွက် တရားဝင်၏။ ကျမ်းပေးခံရသောသူတို့၏ အစာများသည် သင်တို့အတွက် တရားဝင်၍ သင်တို့၏ အစာများသည်လည်း သူတို့အတွက် တရားဝင်၏။ ယုံကြည်သူမများမှ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသူများ၊ ရှေ့အလျှင် ကျမ်းပေးခံရသောသူမများမှ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသူများကို (ထိမ်းမြားပိုင်၏) သူမတို့အား မင်္ဂလာဆုလဒ် ပေးကြလော့၊ လျှို့ဝှက်သိမ်းပိုက်၍ ကာမမြူးရန် မဟုတ်ဘဲ ထိမ်းသိမ်းစောင့်ရှောက်ကြလော့။☆ သက်ဝင်ယုံကြည်မှုကို ဖုံးကွယ်သူ၏ ကျင့်ကြံမှုသည် အချည်းနှီး ဖြစ်၏။ သူသည် နောင်ဘဝ၌ ဆုံးရှုံးရသူ ဖြစ်၏။ |
| ၆။<br><br><br><br><br>☆၂း၃<br>ရေချိုး<br>ရေဆေး<br>ရမည်<br><br><br>☆၄း၄၃ | يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا قُمْتُمْ إِلَى الصَّلاةِ فاغْسِلُواْ وُجُوهَكُمْ وَأَيْدِيَكُمْ إِلَى الْمَرَافِقِ وَامْسَحُواْ بِرُؤُوسِكُمْ وَأَرْجُلَكُمْ إِلَى الْكَعْبَينِ وَإِن كُنتُمْ جُنُبًا فَاطَّهَّرُواْ وَإِن كُنتُم مَّرْضَى أَوْ عَلَى سَفَرٍ أَوْ جَاء أَحَدٌ مَّنكُم مِّنَ الْغَائِطِ أَوْ لاَمَسْتُمُ النِّسَاء فَلَمْ تَجِدُواْ مَاء فَتَيَمَّمُواْ صَعِيدًا طَيِّبًا فَامْسَحُواْ بِوُجُوهِكُمْ وَأَيْدِيكُم مِّنْهُ مَا يُرِيدُ اللّهُ لِيَجْعَلَ عَلَيْكُم مِّنْ حَرَجٍ وَلَكِن يُرِيدُ لِيُطَهَّرَكُمْ وَلِيُتِمَّ نِعْمَتَهُ عَلَيْكُمْ لَعَلَّكُمْ تَشْكُرُونَ۞<br>အို ယုံကြည်သောသူတို့ မေတ္တာဝိဋ္ဌာန်☆ ရပ်တည်မှုဆီသို့ သွားသော်– မျက်နှာများနှင့် လက်များကို တံတောင်ဆစ်အထိ၊ ဦးခေါင်းကို ပွတ်သပ်လျှက် ခြေများကို ခြေမျက်စေ့ အထိ၊ ဆေးကြလော့၊ **သန့်ရှင်းပစ်ရမည်**ဖြစ်လျှင် သန့်စင်ပစ်ကြလော့။ အကယ်၍ သင်တို့သည် ဖျားနာနေလျှင် သို့မဟုတ် လမ်းခရီး၌ ဖြစ်လျှင် သို့မဟုတ် သင်တို့မှ တစ်စုံတစ်ယောက်သည် ကျင်စွန့်ရာမှ ရောက်လာလျှင်၊ သို့မဟုတ် အမျိုးသမီးများနှင့် ထိတွေ့နီးနှောခဲ့၍ ရေ မတွေ့ခဲ့လျှင် စင်ကြယ်သော အပေါ်မြေဖြင့် ရည်ရွယ်လျှက်☆ မျက်နှာပြင်များ လက်များကို ပွတ်သပ်ကြလော့။[၁၀၄] ပရမတ်ဘုရားရှင်သည် သင်တို့အား ခက်ခဲခြင်းကို မစီစဉ်လိုပေ။ သို့သော် သင်တို့အား သန့်စင်စေလို၍ ကျေးဇူးသိတတ်အံ့ငှာ အရှင်၏ ဂုဏ်ပေးမှုကို ပြည့်စုံစေတော်မူ၏။ |
| ၇။ | وَاذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ وَمِيثَاقَهُ الَّذِي وَاثَقَكُم بِهِ إِذْ قُلْتُمْ سَمِعْنَا وَأَطَعْنَا وَاتَّقُواْ اللّهَ إِنَّ اللّهَ عَلِيمٌ بِذَاتِ الصُّدُورِ۞<br>သင်တို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးခြင်းနှင့် သင်တို့က "တပည့်တော်တို့ နာယူပါ၏၊ နာခံပါ၏၊"ဟု ပြောဆို၍ ကတိခံဝန်ချက်ရှိသော ပဋိညာဉ်တို့ကို သတိရကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်ဘတ်ခံစားချက်အားဖြင့် သိနေသော အရှင် ဖြစ်၏၊ |
| ၈။ | يَا أَيُّهَا الَّذِينَ آمَنُواْ كُونُواْ قَوَّامِينَ لِلّهِ شُهَدَاء بِالْقِسْطِ وَلاَ يَجْرِمَنَّكُمْ شَنَآنُ قَوْمٍ عَلَى أَلاَّ تَعْدِلُواْ اعْدِلُواْ هُوَ أَقْرَبُ لِلتَّقْوَى وَاتَّقُواْ اللّهَ إِنَّ اللّهَ خَبِيرٌ بِمَا تَعْمَلُونَ۞<br>အို ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်၏ သမာသမတ်ဖြင့် ရပ်တည်သော သက်သေများ ဖြစ်ကြလော့၊ ရန်ညှိုး |

(၁၀၄) ဤသုတ်တော်တွင် သုံးသော တံတောင်ဆစ် ဆိုသည့် စကားလုံး **الْمَرَافِقِ မရာဖိကိ** သည် အလွယ်တကူ ရင်းနှီးကျွမ်းဝင်ပြီးသော အစိတ်အပိုင်းဆိုသည့် စကားလုံးမှ ဆင့်ပွားခြင်း ဖြစ်သည်။ ရေမရနိုင်၍ သန့်စင်စေရန် ပွတ်သပ်သုတ်သင်ရမည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းမှာ ညစ်ပေခဲ့သော နေရာ၏ မျက်နှာပြင်ကို ဆိုလိုပေသည်။ လူခန္ဓာကိုယ်တွင် ရှိသော မျက်နှာကို ဆိုလိုခြင်း မဟုတ်ပေ။ ကျင်စွန့်သူ တစ်ဦးသည် ညစ် ပေသော အစိတ်အပိုင်းကို မသန့်စင်ဘဲ မျက်နှာအား ပွတ်သပ် ခြင်းဖြင့် သန့်စင်လာမည် မဟုတ်ပေ။ ထိုသို့ သန့်စင်ရာတွင် လက်ကိုပါ ထိပေနိုင်သောကြောင့် "မျက်နှာပြင်များ လက်များကို သန့်စင်ခိုင်းခြင်း" ဖြစ်ပေသည်။

| | |
|---|---|
| | စိတ်ဖြင့် လူမျိုးတစ်မျိုးအား ရာဇဝတ်မှုမပြုကြလင့်။ တန်းတူမှု တန်းတူညီမျှမှုသည် စည်းစောင့်ခြင်းနှင့် နီးကပ်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။[၂၀၅] |
| ၉။ | **وَعَدَ اللّهُ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ۞**<br>ပရမတ်ဘုရားရှင်၏ ကတိတော်မှာ၊ ယုံကြည်၍ ပြုပြင်မှု ကျင့်ကြံသောသူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် မဟာ ဆုလဒ်ကြီး ရှိနေ၏။ |
| ၁၀။ | **وَالَّذِينَ كَفَرُواْ وَكَذَّبُواْ بِآيَاتِنَا أُوْلَئِكَ أَصْحَابُ الْجَحِيمِ۞**<br>ဖုံးကွယ်သောသူ၊ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ ထိုသူတို့သည် ငရဲမီး၏ ပေါင်းဖော်များ ဖြစ်ကြ၏၊ |
| ၁၁။ | **يَا أَيُّهَا الَّذِينَ آمَنُواْ اذْكُرُواْ نِعْمَتَ اللّهِ عَلَيْكُمْ إِذْ هَمَّ قَوْمٌ أَن يَبْسُطُواْ إِلَيْكُمْ أَيْدِيَهُمْ فَكَفَّ أَيْدِيَهُمْ عَنكُمْ وَاتَّقُواْ اللّهَ وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۞**<br>အို ယုံကြည်သောသူတို့– သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို သတိရကြလော့။ အရှင်သည် လူမျိုးတစ်မျိုးက သင်တို့အား လက်ပါးစေဖြစ်ရန် သင်တို့အပေါ် ကြံရွယ် ဆန့်ထုတ်သော သူတို့၏ လက်များကို ထိန်းချုပ်ဟန့်တားခဲ့ပြီ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ယုံကြည်သူတို့သည် ပရမတ်ဘုရားရှင်အား ကိုးစားကြလော့။ |
| ၁၂။ | **وَلَقَدْ أَخَذَ اللّهُ مِيثَاقَ بَنِي إِسْرَآئِيلَ وَبَعَثْنَا مِنهُمُ اثْنَيْ عَشَرَ نَقِيبًا وَقَالَ اللّهُ إِنِّي مَعَكُمْ لَئِنْ أَقَمْتُمُ الصَّلاَةَ وَآتَيْتُمُ الزَّكَاةَ وَآمَنتُم بِرُسُلِي وَعَزَّرْتُمُوهُمْ وَأَقْرَضْتُمُ اللّهَ قَرْضًا حَسَنًا لَّأُكَفِّرَنَّ عَنكُمْ سَيِّئَاتِكُمْ وَلأُدْخِلَنَّكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ فَمَن كَفَرَ بَعْدَ ذَلِكَ مِنكُمْ فَقَدْ ضَلَّ سَوَاء السَّبِيلِ۞**<br>မုချဧကန် ပရမတ်ဘုရားရှင်သည် ဂျူးလူမျိုးတို့ထံမှ ကတိခံဝန်ချက်ကို ယူ၍ သူတို့အထဲမှ ထိုးဖေါက်သူ ဆယ့်နှစ်ဦးကို ပေါ်ထွန်းစေပြီး၊ ပရမတ်ဘုရားရှင်က "ငါသည် သင်တို့ဘက်မှ ဖြစ်၏၊ သင်တို့သည် မေတ္တာဓိဌာန် မြဲကြလျှင်၊ အခွန်ငွေဖြူ ပေးကြလျှင်၊ ငါ၏ ဉာဏ်စဉ်ဆောင်များကို ယုံကြည်လျှက် လေးစားဂုဏ်ပေးကြလျှင် ပရမတ်ဘုရားရှင်အား တင့်တင့်တယ်တယ် ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်ကြလျှင် သင်တို့၌ သင့်နေသော အကုသိုလ်များကို ဖုံးကွယ်၍ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးနေသော ဉယျာဉ်ဘုံများသို့ ဝင်ရလတ္တံ့၊ ထို့နောက်တွင်မှ သင်တို့အနက် ဖုံးကွယ်သူသည် ပုံစံချပြီး လမ်းစဉ်မှ လွဲရလတ္တံ့၊"ဟု မိန့်ဆို၏။ |
| ၁၃။<br>ပယ်ပစ် | **فَبِمَا نَقْضِهِم مِّيثَاقَهُمْ لَعنَّاهُمْ وَجَعَلْنَا قُلُوبَهُمْ قَاسِيَةً يُحَرِّفُونَ الْكَلِمَ عَن مَّوَاضِعِهِ وَنَسُواْ حَظًّا مِّمَّا ذُكِّرُواْ بِهِ وَلاَ تَزَالُ تَطَّلِعُ عَلَىَ خَآئِنَةٍ مِّنْهُمْ إِلاَّ قَلِيلاً مِّنْهُمُ فَاعْفُ عَنْهُمْ وَاصْفَحْ إِنَّ اللّهَ يُحِبُّ الْمُحْسِنِينَ۞**<br>ပဋိဉာဉ်ကို ချိုးဖောက်ခြင်းကြောင့် သူတို့အား မေတ္တာဝေးစေပြီ။ သူတို့၏ နှလုံးသားများ ခက်ထန်မှုကို ငါ စီစဉ်ပြီ၊ သူတို့သည် ဓမ္မတော်များကို မူရင်းမှ လှည့်ပြောင်းကြ၏၊ သူတို့အား သတိရစေသော အရာမှ တစ်စိတ်တစ်ပိုင်းကို **မေ့ပစ်**ကြ၏၊ သူတို့အနက် အနည်းငယ်မှအပ သူတို့၏ မရပ်မနား သစ္စာမဲ့မှုကို သင် မြင်သာလာလိမ့်မည်။ သူတို့အား ကျေအေး၍ ဥက္ခာပြုထားလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများကို နှစ်သက်တော်မူ၏။ |

(၂၀၅) အစ္စလာမ်သည် အစဉ်သဖြင့် ငြိမ်းချမ်းရေးကို ဦးတည်ပေသည်။ ငြိမ်းချမ်းရေးကို လုပ်ဆောင်သော အခါ ရပ်တည်မှု မရှိဘဲ ပွဲကြည့် ပရိတ်သပ် လုပ်နေခြင်းကို သော်လည်းကောင်း မိမိနှင့် ရန်သူ ဖြစ်သည်ဟူသည့် အငြိုးတရားဖြင့် မမှန်ကန်မှုဘက်သို့ ဘက်လိုက်ခြင်းကို သော်လည်းကောင်း မပြုလုပ်ကြရန် ဤသုတ်တော်နှင့် ၄း၁၃၅ က ပြတ်သားစွာ တားမြစ်ပေသည်။

၁၄။ وَمِنَ الَّذِينَ قَالُواْ إِنَّا نَصَارَى أَخَذْنَا مِيثَاقَهُمْ فَنَسُواْ حَظًّا مِّمَّا ذُكِّرُواْ بِهِ فَأَغْرَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَاء إِلَى يَوْمِ الْقِيَامَةِ وَسَوْفَ يُنَبِّئُهُمُ اللّهُ بِمَا كَانُواْ يَصْنَعُونَ۞

ကျွန်ုပ်တို့သည် ခရစ်ယာန်များ ဖြစ်ကြ၏ဟု ဆိုသောသူများမှ ငါအရှင်သည် ကတိခံဝန်ချက်ကို ယူခဲ့၏၊ သို့သော်
☆၂း၁၇၄ သူတို့အား သတိရစေသော အရာမှ တစ်စိတ်တစ်ပိုင်းကို **မေ့ပစ်**ကြ၏၊ သို့ဖြစ်၍ သူတို့၏ကြား၌ ရပ်တည်ရသောနေ့☆
ပယ်ပစ် ထိတိုင် အားပြိုင်မှု စည်းဖေါက်မှုနှင့် အာဃာတကို ဖြစ်စေပြီ။ သူတို့ မည်သည့် တည်ဆောက်လေ့ရှိခဲ့သည်ကို ပရမတ်ဘုရားရှင်က သူတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။

၁၅။ يَا أَهْلَ الْكِتَابِ قَدْ جَاءكُمْ رَسُولُنَا يُبَيِّنُ لَكُمْ كَثِيرًا مِّمَّا كُنتُمْ تُخْفُونَ مِنَ الْكِتَابِ وَيَعْفُو عَن كَثِيرٍ قَدْ جَاءكُم مِّنَ اللّهِ نُورٌ وَكِتَابٌ مُّبِينٌ۞

ကုရ်အာန် အို ကျမ်းစာဝိုင်းသားတို့ ငါ၏ ဉာဏ်စဉ်ဆောင်သည် သင်တို့ထံသို့ ရောက်လာခဲ့ပြီ၊ ကျမ်းဂန်မှ သင်တို့၏ ထိန်ဝှက်မှုရှိရာတို့အနက် များစွာတို့ကို ရှင်းလင်းစေပြီး မြောက်များစွာ ကျေအေးခဲ့ပြီ၊ မုချပင် သင်တို့ထံသို့ ပရမတ်ဘုရားရှင်ထံမှ အလင်းတော်နှင့် ရှင်းလင်းထင်ရှားသော **ကျမ်းတော်**သည် ရောက်လာခဲ့ပေပြီ။

၁၆။ يَهْدِي بِهِ اللّهُ مَنِ اتَّبَعَ رِضْوَانَهُ سُبُلَ السَّلاَمِ وَيُخْرِجُهُم مِّنِ الظُّلُمَاتِ إِلَى النُّورِ بِإِذْنِهِ وَيَهْدِيهِمْ إِلَى صِرَاطٍ مُّسْتَقِيمٍ۞

၎င်းအားဖြင့်၊ ပရမတ်ဘုရားရှင်သည် အရှင်၏ နှစ်မြို့မှုကို လိုက်သောသူတို့အား သန္တိသုခ လမ်းစဉ်များကို ညွှန်တော်မူပြီ၊ အရှင်၏ ခွင့်ပြုချက်ဖြင့် အမိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ယူတော်မူပြီ၊ သူတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းဆီသို့ လမ်းညွှန်တော်မူပြီ။

၁၇။ لَّقَدْ كَفَرَ الَّذِينَ قَآلُواْ إِنَّ اللّهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ قُلْ فَمَن يَمْلِكُ مِنَ اللّهِ شَيْئًا إِنْ أَرَادَ أَن يُهْلِكَ الْمَسِيحَ ابْنَ مَرْيَمَ وَأُمَّهُ وَمَن فِي الأَرْضِ جَمِيعًا وَلِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا بَيْنَهُمَا يَخْلُقُ مَا يَشَاء وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞

✡ ၃း၄၅ "မာရိ၏သား ခရစ်တော်သည် ပရမတ်ဘုရားရှင် ဖြစ်၏၊"ဟု✡ ဆိုသောသူတို့သည် ဖုံးကွယ်သူ မုချ ဖြစ်၏။ ဟောလေ့ "ပရမတ်ဘုရားရှင်သည် မာရိ၏သား ခရစ်တော်ကို ဖြစ်စေ၊ သူ၏မိခင်ကို ဖြစ်စေ၊ မြေကမ္ဘာ၌ ရှိသမျှ အားလုံးကို ဖြစ်စေ၊ တိမ်ကောစေလိုလျှင် အရှင့်အား တစ်စုံတစ်ရာ အာဏာသက်နိုင်သူ ရှိသလော။ ကေန်ပင် မိုးများနှင့် မြေထိုနှစ်ခုကြား ရှိသမျှတို့၏ သြဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် စံချိန်ပြည့်မှီရာကို ဖြစ်တည်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။"[၁၀၆]

---

**(၁၀၆)** အစ္စလာမ်သာသနာသည် လူသားအား ပရမတ်ဘုရားဖြစ်သည်ဟု ဆိုခြင်းကို လက်မခံသည့်အပြင် ထိုသို့သက်ဝင်ယုံကြည်မှုသည်လည်း မှားယွင်းသော ယုံကြည်မှုဟု ပွင့်ပွင့်လင်းလင်း ပြောဆိုသည်။ ထို့အပြင် သုံးပါးတစ်ဆူ ဝါဒကိုလည်း လက်မခံပေ (၄း၁၇၁၊ ၅း၇၃၊၇၄)။ ထိုသို့ လက်မခံခြင်း၊ အခြားသူတို့အား ထိုသို့လက်မခံစေခြင်းသည် သာသနာတစ်ခုအား ကိုယ်စားပြုသော ဉာဏ်စဉ်ဆောင်တို့အား အသိအမှတ် မပြု၍ မဟုတ်ပေ၊ ဉာဏ်စဉ်ဆောင်များအား မခွဲမခြား လက်ခံ၍ သက်ဝင်ယုံကြည်စေရန်သာ ဖြစ်ပေသည်။ ကိုယ်တော်ယေရှုအား ပရမတ်ဘုရားဟု လက်ခံသော အုပ်စုက အခြားသော ဉာဏ်စဉ်ဆောင်များ၏ တန်ဘိုးနှင့် ဂုဏ်သတ္တိကို အသိအမှတ်ပြုမှု အားနည်းမည်မှာ သေချာပေသည်။ အလားတူပင် အခြားသော ဉာဏ်စဉ်ဆောင်တစ်ပါးအား ပရမတ်ဘုရားဟု လက်ခံသော လူမျိုးစုကလည်း ကိုယ်တော် ယေရှု၏ နောက်လိုက်များကိုသော်လည်းကောင်း ကိုယ်တော်ယေရှု ကိုယ်တိုင်ကိုသော်လည်းကောင်း အသိအမှတ်ပြု လက်ခံခြင်းမှာ အားနည်းလှပေမည်။ အစ္စလာမ် သာသနာကမူ ကမ္ဘာပေါ်တွင် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ရ ကိုယ်တော်တိုင်းသည် ဂုဏ်ရည်အဆင့် တူညီကြသည်၊ ခေတ်ကာလနှင့် ဦးဆောင်ရမည့် လူမျိုးများ အပေါ်မူတည်၍သာ ဂုဏ်သတင်း ဝန်တာ ကွဲပြားလျှက် ပွင့်ပေါ်ခြင်း ဖြစ်သည်။ လူသားအပေါင်း၏ ဘုံဘုရားရှင်မှာ ထိုဉာဏ်စဉ်ဆောင်များအား ဉာဏ်စဉ်တော်ကိန်းဝပ်ပေးသည့် ပရမတ်ဘုရားရှင် ဖြစ်သည်ဟုသာ ယုံကြည်ရန် တိုက်တွန်းသည်။ ဉာဏ်စဉ်ဆောင်များအား ပရမတ်ဘုရား ဖြစ်သည်ဟု ဆိုခြင်းသည် စွပ်စွဲချက် တစ်ရပ်သာ ဖြစ်ပေသည်။ နောက်လိုက် ဒကာအပေါင်း၏ အလွန်အမင်း ပုဂ္ဂိုလ်ရေး တင်စားချက်သာ ဖြစ်၍

၁၈။ وَقَالَتِ الْيَهُودُ وَالنَّصَارَى نَحْنُ أَبْنَاء اللّهِ وَأَحِبَّاؤُهُ قُلْ فَلِمَ يُعَذِّبُكُم بِذُنُوبِكُم بَلْ أَنتُم بَشَرٌ مِّمَّنْ خَلَقَ يَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَلِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا بَيْنَهُمَا وَإِلَيْهِ الْمَصِيرُ ۞

ရေဝတီနှင့် ခရစ်ယာန်တို့က "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ သားတော်များ၊ အရှင်၏ အချစ်တော်များ ဖြစ်ကြသည်၊"ဟု [၂၀၇] ဆိုကြ၏။ ဟောပြောလော့ "သို့ဖြစ်လျှင် သင်တို့၏ အပြစ်များအတွက် အဘယ်ကြောင့် ဝဋ်ကြွေးသည် ရှိနေသနည်း၊" အမှန်မှာ သင်တို့သည် ဖြစ်တည်ခံ လူပုဂ္ဂိုလ်များ ဖြစ်ကြ၏၊ စံချိန်ပြည့်သူအလျောက် လွတ်ငြိမ်းခွင့်ရစေ၍၊ စံချိန်ပြည့်သူအလျောက်☆ ဝဋ်ကြွေးသင့်စေမည် ဖြစ်၏၊ ကောင်းကင် မိုးများနှင့် မြေ ထိုနှစ်ခုကြား ရှိသမျှတို့၏ ဩဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ခရီးဆုံးပန်းတိုင်သည် အရှင့်ထံသို့သာ ဖြစ်၏။ ☆၂း၇၀

၁၉။ يَا أَهْلَ الْكِتَابِ قَدْ جَاءكُمْ رَسُولُنَا يُبَيِّنُ لَكُمْ عَلَى فَتْرَةٍ مِّنَ الرُّسُلِ أَن تَقُولُواْ مَا جَاءنَا مِن بَشِيرٍ وَلاَ نَذِيرٍ فَقَدْ جَاءكُم بَشِيرٌ وَنَذِيرٌ وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞

အို ကျမ်းစာပိုင်းသားတို့၊ "တပည့်တော်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေးသူ ရောက်မလာပြီတကား၊"ဟု မပြောဆိုနိုင်ရန် ဉာဏ်စဉ်ဆောင်များ ဆိတ်ငြိမ်ကာလတွင် ငါအရှင်၏ ဉာဏ်စဉ်ဆောင်သည်[၂၀၈] သင်တို့ထံသို့ ရှင်းလင်းထင်ရှားစွာ ရောက်လာစေပြီ။ မုချကေန် သင်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေးသူ ရောက်လာလေပြီ။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။

၂၀။ وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ اذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ جَعَلَ فِيكُمْ أَنبِيَاء وَجَعَلَكُم مُّلُوكًا وَآتَاكُم مَّا لَمْ يُؤْتِ أَحَدًا مِّن الْعَالَمِينَ ۞

မူဆာက သူ့လူမျိုးတို့အား ပြောသည်မှာ "အို ကျွန်ုပ်၏ လူမျိုးတို့ သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးခဲ့သည့် သင်တို့ထဲမှ သတင်းတော်ဆောင်များ စီစဉ်ခဲ့ခြင်း၊ အုပ်ချုပ်သူများ စီစဉ်ပေးခဲ့ခြင်း၊ လောကခပ်သိမ်း၌ တစ်ဦးတစ်ယောက်ကိုမှ မပေးအပ်ခဲ့သည်ကို ပေးအပ်ချီးမြှင့်ခြင်းအား သတိတရရှိလော့–

၂၁။ يَا قَوْمِ ادْخُلُوا الأَرْضَ المُقَدَّسَةَ الَّتِي كَتَبَ اللّهُ لَكُمْ وَلاَ تَرْتَدُّوا عَلَى أَدْبَارِكُمْ فَتَنقَلِبُوا خَاسِرِينَ ۞

–အို ကျွန်ုပ်၏ လူမျိုးတို့ သင်တို့အတွက် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသည့် မြတ်သောမြေသို့ ဝင်ကြလော့၊ နောက်ခံဘက်သို့ ပြန်မပြေးကြလင့်၊ ဦးလှည့်ခဲ့သော် ရှုံးနိမ့်သူများဖြစ်လတ္တံ့၊"ဟု ဖြစ်၏။

---

ကမ္ဘာပေါ်ရှိ မည်သည့် ဉာဏ်စဉ်ဆောင်ကမှ "မိမိသည် ပရမတ်ဘုရားရှင် ဖြစ်၏"ဟု သက်သေပြခဲ့ကြောင်း မူရင်းဖြစ်သော မည်သည့် ဘာသာရေးစာပေတွင်မှ မပါဝင်ချေ။ ယေရှုကိုယ်တိုင်ပင် "သူ့ကိုယ်သူ ဘုရားဖြစ်သည်"ဟူသော အသုံးကို ငြင်းခဲ့ပေသည်၊ (ရှင်ယောဟန် ၁၀း ၃၃–၃၆)

**(၂၀၇)** လူတစ်မျိုး သို့မဟုတ် လူတန်းစား တစ်ရပ် အနေဖြင့် မိမိကိုယ်မိမိ "ဘုရားသားတော်"ဟု သတ်မှတ်ခြင်း၊ သို့မဟုတ် မိမိတို့ကိုသာ ဘုရားရှင်က ရွေးကောက်ပြီး ချစ်သကဲ့သို့ "ဘုရားရှင်၏ အချစ်တော်များ" ဆိုသည်ကို အစ္စလာမ်သာသနာက ပယ်ချပေသည်။ သာသနာ့ အမွေကို ဆက်ခံခြင်း ဟူသည့် ခေါင်းစဉ်အောက်၌ ထိုသို့ ယူဆခြင်းကို လူတန်းစားတရပ် တီထွင်၍ နေရာယူခြင်းဟု သတ်မှတ်ပေသည်။ အမွေးအမျှင် ထားခြင်း၊ မထားဘဲ ရိတ်ပယ်ခြင်း၊ ဝတ်ရုံ အဖြူသက်သက်၊ အနီသက်သက်၊ အမဲသက်သက်၊ အဝါသက်သက် ဝတ်ဆင်သော်လည်း လူဟူသော ဇာတိမှာ ပျောက်ပျယ် သွားခြင်း မရှိပေ။ ထို့ကြောင့် ဤသုတ်တော်မှ "လူသာမန်များသာ" ဖြစ်သည်ဟု ထောက်ပြထားပေသည်။ လူတစ်ဦးချင်း အနေဖြင့် မိမိ၏ကျင့်ဆောင်မှု ဒီကရီပေါ် မူတည်၍ ကောင်းခြင်း ဆိုးခြင်း အကျိုးဆက်ကို ခံစားရမည်မှာ မလွဲပေ။ ဤသုတ်တော် အပါအဝင် ကျမ်းတော် တစ်အုပ်လုံးတွင် သုံးသော "စံချိန်ပြည့်မှု အလျောက်" ဆိုသည်မှာ ကျင့်ဆောင်မှု ရေချိန် ဒီကရီပြည့်မှီခြင်းကို ဆိုပေသည်။ သမ္မာကျမ်းစာတွင် ယေရှုသည် "ဒါဝိဒ်၏ အမြစ် ဒါဝိဒ်၏ အနွယ်" ဟု ဆိုပေသည် (ဗျာဒိတ်ကျမ်း ၂၂း၁၆)။ ထိုသို့ ဒါဝိဒ်၏ အမျိုးရင်း ဖြစ်ရန်မှာ မိခင်မာရိ ဘက်မှ စပ်၍ မည်သို့မှ မရချေ။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာတွင် မယ်တော်မာရိကို အမည်နာမအားဖြင့် ၃၂ ကြိမ်ဖော်ပြ၍ ဒါဝိဒ်နှင့် အမျိုးတော်ကြောင်း လုံးဝ မပါရှိပေ။ သူမသည် ဒါဝိဒ်၏ အမျိုး ယောသပ်နှင့် ထိမ်းမြားခြင်းဖြင့်သာ (လုကာ ၁း၂၇) ယေရှုသည် ဒါဝိဒ်၏ အမြစ် အနွယ် ဖြစ်ရပေသည်။ ယေရှုသည် ယောသပ်၏ အမျိုးသမီးဘက်မှပါသောသား၊ သားရင်း မဟုတ်ခဲ့လျှင်၊ "ယေရှုသည် ဒါဝိဒ်၏ အမြစ်အနွယ် ဖြစ်သည်။" ဆိုသော စကားမှာ အသုံးဝင်တော့မည် မဟုတ်ပေ။ (၉း၃၀၊ ၃၁) တွင်လည်း ဤအယူအဆကို ဖော်ပြထားပေသည်။

**(၂၀၈)** "ငါအရှင်၏ ဉာဏ်စဉ်ဆောင်" ဆိုသည်မှာ နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်ကို ဆိုလိုပေသည်။ ကိုယ်တော်သည် ကမ္ဘာ့ဘာသာကြီးတိုင်းက ဟောခဲ့သည့် နောက်ဆုံး တစ်ပါးပင် ဖြစ်ပေသည်။ (၂း၁၂၉ ၏ အောက်ခြေ ရှင်းတမ်းကို ကြည့်ပါ)။

| | |
|---|---|
| ၂၂။ | قَالُوا يَا مُوسَى إِنَّ فِيهَا قَوْمًا جَبَّارِينَ وَإِنَّا لَن نَّدْخُلَهَا حَتَّىَ يَخْرُجُواْ مِنْهَا فَإِن يَخْرُجُواْ مِنْهَا فَإِنَّا دَاخِلُونَ۞<br>သူတို့က "အို မူဆာ၊ ထိုနေရာ၌ ပုန်ကန်သော လူမျိုးသည် ရှိနေ၏၊[၂၀၉] သူတို့ကို မမောင်းထုတ်သရွေ့ ကျွန်ုပ်တို့ ဝင်နိုင်မည် မဟုတ်ပါ၊ သူတို့အား မောင်းထုတ်ခဲ့လျှင် ကျွန်ုပ်တို့ ဝင်နိုင်ပါမည်၊"ဟု ပြန်ပြောကြ၏။ |
| ၂၃။ | قَالَ رَجُلاَنِ مِنَ الَّذِينَ يَخَافُونَ أَنْعَمَ اللهُ عَلَيْهِمَا ادْخُلُواْ عَلَيْهِمُ الْبَابَ فَإِذَا دَخَلْتُمُوهُ فَإِنَّكُمْ غَالِبُونَ وَعَلَى اللهِ فَتَوَكَّلُواْ إِن كُنتُم مُّؤْمِنِينَ۞<br>ကြောက်ရွံ့ကြသောသူများ အနက်[၂၁၀] ပရမတ်ဘုရားရှင်က ဂုဏ်ပေးသော လူနှစ်ဦးက[၂၁၁] "သူတို့အား တံခါးမှ ဝင်ကြလော့၊ ထိုမှ ဝင်နိုင်လျှင် သင်တို့သည် အနိုင်ရသူများ ဖြစ်ချေပြီ၊ သင်တို့သည် ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်ကိုသာ၊ ကိုးစားကြလော့၊"ဟု ရင့်ကျူး၏။ |
| ၂၄။ | قَالُواْ يَا مُوسَى إِنَّا لَن نَّدْخُلَهَا أَبَدًا مَّا دَامُواْ فِيهَا فَاذْهَبْ أَنتَ وَرَبُّكَ فَقَاتِلا إِنَّا هَاهُنَا قَاعِدُونَ۞<br>သူတို့က "အို မူဆာ၊ ၎င်းတို့ ရှိနေသမျှ ကျွန်ုပ်တို့ ဘယ်သောအခါမှ ဝင်မည် မဟုတ်ပါ၊ သို့ဖြစ်၍ သင်နှင့် သင်၏ ကံကြမ္မာရှင်သည် သုတ်ခြေတင်လျှက် စစ်ခင်းပါ၊ ကျွန်ုပ်တို့ ဤနေရာမှပင် ထိုင်စောင့်နေပါမည်၊"ဟု ဆိုကြ၏။ |
| ၂၅။ | قَالَ رَبِّ إِنِّي لا أَمْلِكُ إِلاَّ نَفْسِي وَأَخِي فَافْرُقْ بَيْنَنَا وَبَيْنَ الْقَوْمِ الْفَاسِقِينَ۞<br>သူက "အို ကံကြမ္မာရှင် တပည့်တော်သည် မိမိစိတ်နှင့် နောင်တော်မှ အပ သြဇာ မလွှမ်းမိုးနိုင်ပါ၊ တပည့်တော်တို့ ကြားနှင့် ယုတ်မာသော လူမျိုးအကြား ခွဲခြားပေးတော်မူပါ၊"ဟု ဆုတောင်း၏။ |
| ၂၆။ | قَالَ فَإِنَّهَا مُحَرَّمَةٌ عَلَيْهِمْ أَرْبَعِينَ سَنَةً يَتِيهُونَ فِي الأَرْضِ فَلاَ تَأْسَ عَلَى الْقَوْمِ الْفَاسِقِينَ۞<br>အရှင်က "သို့ဖြစ်၍ သူတို့အား နှစ်ပေါင်းလေးဆယ် တားမြစ်လိုက်ပြီ၊ သူတို့သည် မြေကမ္ဘာ၌ တဝဲလည်လည် ဖြစ်ရလတ္တံ့။ ယုတ်မာသော လူမျိုးအတွက် အသင်သည် ဝမ်းနည်းခြင်း မရှိနှင့်၊"ဟု မိန့်တော်မူ၏။[၂၁၂] |
| ၂၇။ | وَاتْلُ عَلَيْهِمْ نَبَأَ ابْنَيْ آدَمَ بِالْحَقِّ إِذْ قَرَّبَا قُرْبَانًا فَتُقُبِّلَ مِن أَحَدِهِمَا وَلَمْ يُتَقَبَّلْ مِنَ الآخَرِ قَالَ لَأَقْتُلَنَّكَ قَالَ إِنَّمَا يَتَقَبَّلُ اللهُ مِنَ الْمُتَّقِينَ۞<br>သူတို့အား အာဒံ သားနှစ်ယောက်၏[၂၁၃] သတင်းကို မှန်ကန်စွာ ရွတ်ပြလော့၊ သူတို့သည် ပူဇော်ချည်းကပ်၍ ချည်းကပ်ကြစဉ် သူတို့အနက် တစ်ဦးအား အကိုးပြည့်စေ၏၊[၂၁၄] အကိုးမပြည့်သည့် နောက်တစ်ဦးက "အသင့်အား |

---

(၂၀၉) သုတ်တော် ၂၁ တွင် ကိုယ်တော်မူဆာနှင့် နောက်လိုက်များ ဝင်ရောက်ရမည့်နယ်မြေကို အောင်မြေဟု သုံးထားပေ၏။ ဆိုလိုသည်မှာ သူတို့သည် အီဂျစ်ပြည်၌ ကျွန်ခံခဲ့ရသည်မှ လွတ်မြောက်လာ၍ လွတ်လပ်စွာ နေထိုင်နိုင်သော မြေဟု ဖြစ်သည်။ ထိုဒေသသည် လူသူ မရှိသော တောကြီးမျက်မဲ မဟုတ်ပေ။ ဒေသခံ တိုင်းရင်းသားများ ရှိနေပေသည်။ ထိုတိုင်းရင်းသားများကို အားကောင်းသော လူမျိုး (အင်အား တောင့်တင်းသောလူမျိုး)ဟု ဤသုတ်တော်၌ တွေ့ရ၍ သမ္မာကျမ်း၌ "အလွန်အရပ်မြင့်သော လူမျိုး" ဟု ဖော်သည်ကို တွေ့ရသည်။ (တောလည်ရာကျမ်း ၁၃း၃၂)

(၂၁၀) ကိုယ်တော်မူဆာ၏ နောက်လိုက်များသည် ထိုဒေသသို့ဝင်ရန် တိုင်းရင်းသားများနှင့် စက်မက် ဖြစ်ပွားရန် ကြောက်ရွံ့နေကြ၏။ ဤ အကြောင်းကို သုတ်တော် (၂၄) တွင်လည်း တွေ့နိုင်ပြီး၊ သမ္မာကျမ်းစာ၏ တောလည်ရာကျမ်း ၁၄း၁–၄ တွင်လည်း ဖော်ပြထားပေသည်။

(၂၁၁) သူတို့အနက် သူရဲကောင်း နှစ်ဦး ပေါ်လာ၍ ထိုဒေသတို့ ရောက်အောင်ဝင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သမ္မာကျမ်းစာ၏ တောလည်ရာကျမ်း ၁၄း ၆–၉ တွင်လည်း တွေ့နိုင်သည်။

(၂၁၂) ဤသုတ်တော်သည် ခေါင်းဆောင်အား ပြည့်ဝစွာ မနာခံဘဲ အချောင်ခိုသူများ အတွက် ထိသော ပြစ်ဒဏ် ဖြစ်ပေသည်။ လွတ်လပ်ရေး လိုချင်သော လူမျိုးတိုင်းတွင် အမှန်တကယ် စွမ်းစွမ်းတမံ ဆောင်ရွက်သူနှင့် အချောင်ခို နေရာယူသူများ ရှိမြဲ ဓမ္မတာကို ကျမ်းတော်က တိတိကျကျ ဖော်ပြသည်။ အချောင်ခိုသော လူများကြောင့် အချိန်ကာလ ကြံ့ကြာမြဲ ဖြစ်ပေသည်။ ဤအကြောင်းအရာကို သမ္မာကျမ်းစာ တောလည်ရာကျမ်း ၁၄း၂၃ တွင်လည်း "သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသော ပြည်ကို တကယ်စင်စစ် သူတို့ မမြင်ရကြ ငါ့ကို မရိုမသေ ပြုသောသူ တစုံတယောက်မျှ မမြင်ရ"ဟု ဆိုထားသည်ကို တွေ့ရပေသည်။ (၂း၅၁ မှ ၅၉) တွင် ကြည့်ပါ။

| | |
|---|---|
| | တိုက်ခိုက်မည်၊''ဟု ဆိုသော်၊ ကျန်တစ်ဦးက ပြောသည်မှာ ''ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများ ထံမှသာ အကိုးပြည့်စေ၏– |
| ၂၈။ | **لَئِن بَسَطتَ إِلَيَّ يَدَكَ لِتَقْتُلَنِي مَا أَنَاْ بِبَاسِطٍ يَدِيَ إِلَيْكَ لَأَقْتُلَكَ إِنِّي أَخَافُ اللّهَ رَبَّ الْعَالَمِينَ۝**<br>–အကယ်၍ ကျွန်ုပ်အား တိုက်ရန် အသင်၏လက်ကို ဆန့်သော်လည်း၊ သင့်ကို တိုက်ရန် ကျွန်ုပ်လက်ကို ဆန့်ထုတ်မည် မဟုတ်ပေ။ ကျွန်ုပ်သည်ကား စကြာဝဠာများ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ပါ၏– |
| ၂၉။ | **إِنِّي أُرِيدُ أَن تَبُوءَ بِإِثْمِي وَإِثْمِكَ فَتَكُونَ مِنْ أَصْحَابِ النَّارِ وَذَلِكَ جَزَاء الظَّالِمِينَ۝**<br>–ကျွန်ုပ်၏ အကုသိုလ်၊ အသင်၏ အကုသိုလ်တို့ကို အသင် ဆွဲယူလို၏။ အသင်သည် အပူမီး၏ ပေါင်းဖော်များ ဖြစ်ရလိမ့်မည်၊ ဤသည် အမိုက်ကောင်တို့၏ အစားရခြင်းပင် ဖြစ်သည်၊''ဟု ဖြစ်သော်လည်း– |
| ၃၀။ | **فَطَوَّعَتْ لَهُ نَفْسُهُ قَتْلَ أَخِيهِ فَقَتَلَهُ فَأَصْبَحَ مِنَ الْخَاسِرِينَ۝**<br>သတ်ဖြတ်မှုကို နာခံသော သူ့စရိုက်ဖြင့်၊ နောင်တော်ကို သတ်ဖြတ်၏၊ သို့ဖြင့်သူသည် ဆုံးရှုံးသူတို့မှ ဖြစ်သွားခဲ့၏။ |
| ၃၁။ | **فَبَعَثَ اللّهُ غُرَابًا يَبْحَثُ فِي الأَرْضِ لِيُرِيَهُ كَيْفَ يُوَارِي سَوْءةَ أَخِيهِ قَالَ يَا وَيْلَتَا أَعَجَزْتُ أَنْ أَكُونَ مِثْلَ هَذَا الْغُرَابِ فَأُوَارِيَ سَوْءةَ أَخِي فَأَصْبَحَ مِنَ النَّادِمِينَ۝**<br>နောင်တော်၏ အသုဘအား မည်သို့ ကွယ်ရမည်ကို သူ့အား ပြသရန် ပရမတ်ဘုရားရှင်သည် မြေကို တူးဆွသည့် ကျီးတစ်ကောင်အား ပေါ်လာစေ၏။ သူက ''ကျွန်ုပ်မှာ၊ ကျွန်ုပ်နောင်တော်၏ အသုဘအား ကွယ်စေရန် ဤကျီးကဲ့သို့ပင် မစွမ်းပြီတကား၊''ဟု ညည်းညူ၏။[၂၁၅] သို့ဖြင့် သူသည် ယူကြုံးမရသူတို့မှ ဖြစ်သွားခဲ့၏။ |
| ၃၂။ | **مِنْ أَجْلِ ذَلِكَ كَتَبْنَا عَلَى بَنِي إِسْرَائِيلَ أَنَّهُ مَن قَتَلَ نَفْسًا بِغَيْرِ نَفْسٍ أَوْ فَسَادٍ فِي الأَرْضِ فَكَأَنَّمَا قَتَلَ النَّاسَ جَمِيعًا وَمَنْ أَحْيَاهَا فَكَأَنَّمَا أَحْيَا النَّاسَ جَمِيعًا وَلَقَدْ جَاء تْهُمْ رُسُلُنَا بِالبَيِّنَاتِ ثُمَّ إِنَّ كَثِيرًا مِّنْهُم بَعْدَ ذَلِكَ فِي الأَرْضِ لَمُسْرِفُونَ۝**<br>သို့ အကြောင်းခံ၍ ငါသည်သည် ဂျူးလူမျိုးအား ပြဋ္ဌာန်းမှု သတ်မှတ်ကာလရှိခဲ့သည်မှာ ဥဉ်တစ်ခုအစား ဥဉ်တစ်ခု |

---

**(၂၁၃)** ဤသုတ်တော် ၂၉ မှ ၃၁ အထိသည် ဂျူးလူမျိုးများ နမူနာယူစေရန် ပြန်လည် တင်ပြသော သမိုင်းကြောင်း ဖြစ်ပေသည်။ ဤနေရာ၌ အာဒံ၏ သားနှစ်ဦး ဆိုသည်မှာ သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း ၄း၃–၁၂ ကို ကိုးကားလျှက် **အာဗေလ** နှင့် **ကာဣန** ဖြစ်၍ အာဒံ၏ သားအရင်းများ ဖြစ်ကြသည်ဟု မသတ်မှတ်နိုင်ပေ။ ကုရ်အာန်ကျမ်းတော်တွင် အာဒံ၏ သားနှစ်ဦး ဆိုသည်ကို အမည်နာမဖြင့် ဖော်ပြခြင်း မရှိပေ။ ထို့အပြင် လူသားအားလုံးကို အာဒံ၏ သားသမီးများဟု ခေါ်ပေသည်။ တဖန် ဘာသာရေး၊ နိုင်ငံရေး စကားလုံးတွင် မိမိ၏ တပည့် နောက်လိုက်များကိုလည်း ''သား၊ သမီးများ'' ဟု ခေါ်ပေသည်။ ဤသုတ်တော်များက အဓိကအားဖြင့် တရားရှိသူနှင့် တရားမဲ့ဉာဏ်နဲ့သူ၏ ဖြစ်ရပ်များကို ဆင်ခြင် နမူနာ ယူနိုင်ရန် တင်ပြ ခြင်းသာ ဖြစ်ပေသည်။

**(၂၁၄)** ဤသုတ်တော်တွင် ပေးဆပ်စတေးသည်ဟု ဘာသာပြန်သော စကားလုံးမှာ **ကုရ်ဘာနန်** ဟု ဖြစ်သည်၊ ဆရာတော်ကြီးများက ပူဇော်သက္ကာရ ဝတ္ထု ဟု ဖွင့်ဆိုကြပေသည်။ ကုရ်အာန်ကျမ်းတော်နှင့် သမ္မာကျမ်းစာ၏ အဓိက ကွဲပြားသည့် အယူအဆမှာ ရည်စူး ဆက်ကပ်ရာ ''ပရမတ်ဘုရားရှင်''ပင် ဖြစ်၍ သမ္မာကျမ်းစာက ''ဘုရားရှင်'' ကို လူသားအသွင် ပူဇော်သက္ကာရ ပြုကြောင်း တင်ပြသည် (ကမ္ဘာဦးကျမ်း ၄း၃–၁၂)။ ကုရ်အာန်ကျမ်းကမူ ပရမတ်ဘုရားရှင်သည် လူ၊ ပုဂ္ဂိုလ် သဏ္ဍာန်မဟုတ်– ဘုရားတရားကို ရည်စူး၍ ကောင်းမှုကုသိုလ် ပြုခြင်းကိုသာ ရည်ညွှန်းပေသည်။ ဤသို့ ကောင်းမှုပြုသော အခါ တောင်းဆုပြည့်သည် မပြည့်သည် ဆိုသည်မှာလည်း စီးပွားလာဘ် လာဘ တိုးတက်ခြင်း မတိုးတက်ခြင်း အပေါ်မှာသာ ယေဘုယျ သတ်မှတ်ကြပြီး၊ စီးပွားကျသူက စီးပွားဖြစ်ထွန်းသူအား မနာလိုဖြစ် သတ်ဖြတ် တိုက်ခိုက်ခြင်းကို ဥပမာပေး ပြောဆိုခြင်း ဖြစ်ပေသည်။

**(၂၁၅)** ကျီးတစ်ကောင်၏ ထံမှရသော ဗဟုသုတ အဖြစ်အပျက်သည် သမ္မာကျမ်းစာ၌ မဖော်ပြပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းစာ၌ ဖော်ပြသမျှသော အကြောင်းအရာတိုင်းအား သမ္မာကျမ်းစာကို ကိုးကားလျှက် ဘာသာပြန်ဆိုမှုမှာ မမှန်ကန်နိုင်ပေ။ ကျမ်းမြတ်ကုရ်အာန် အရ လူသားသည် သဗ္ဗညု ဘုရားရှင် မဟုတ်ပေ၊ သဗ္ဗညုဘုရားရှင်က လူသားအား– သတ္တဝါများ အပါအဝင် ပတ်ဝန်းကျင်းရှိ အဖြစ်အပျက်များမှကို အခြေခံ၍ သင်ပေးသော အသိတရားပေါင်း များစွာ ရှိနေကြောင်းကို ထောက်ပြနေသည်။ တနည်းအားဖြင့် လူသားသည် သတ္တဝါများအနက် ဉာဏ်စဉ် အမြင့်ဆုံး သင်ပေးခံ သတ္တဝါတစ်မျိုးသာ ဖြစ်ပေသည်။

| | |
|---|---|
| | ကို သို့မဟုတ် မြေကမ္ဘာတွင် အဖျက်မလုပ်ဘဲ တိုက်ခိုက်အံ့၊ လူသား အားလုံးကို တိုက်သည် မည်၏၊ အသက်ဆက်ခွင့်ပေးအံ့ လူသား အားလုံးကို အသက်ဆက်ခွင့်ပေးသည် မည်၏။ ငါ၏ ဉာဏ်စဉ်ဆောင်များကို ရှင်းလင်းသော ဒေသနာများဖြင့် သူတို့ထံ၌ ရောက်လာစေခဲ့ပြီ၊ သို့ပြီးနောက်မှ သူတို့အနက် အများစုမှာ အလွဲသုံးစားပြုသူများ ဖြစ်ကြ၏။[၂၁၆] |
| ၃၃။ | **إِنَّمَا جَزَاء الَّذِينَ يُحَارِبُونَ اللّهَ وَرَسُولَهُ وَيَسْعَوْنَ فِي الأَرْضِ فَسَادًا أَن يُقَتَّلُواْ أَوْ يُصَلَّبُواْ أَوْ تُقَطَّعَ أَيْدِيهِمْ وَأَرْجُلُهُم مِّنْ خِلافٍ أَوْ يُنفَوْاْ مِنَ الأَرْضِ ذَلِكَ لَهُمْ خِزْيٌ فِي الدُّنْيَا وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ ۞**<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား စစ်ဆင်၍ မြေကမ္ဘာ၌ အဖျက်လုပ်ရန် လုံးပန်းနေသော သူတို့အား[၂၁၇] အစားပေးခြင်း အဖြစ် ခုခံတိုက်ခိုက်ကြလော့၊[၂၁၈] သို့မဟုတ် ကားစင်တင်ကြလော့၊[၂၁၉] သို့မဟုတ် ဆက်လုပ်နိုင်မည့် လက်များ ခြေများအား ဖြတ်တောက်ကြလော့၊[၂၂၀] သို့မဟုတ် ဤလောက၌ ၎င်းတို့ အရှက်ရရန် ထိမ်းသိမ်းရေးမြေသို့ ပို့ကြလော့၊[၂၂၁] နောင်ဘဝ၌လည်း သူတို့ အတွက် မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။ |

---

**(၂၁၆)** လူသတ်မှုတစ်ခုအား ကျူးလွန်သူကို အပြစ်ဒဏ်သတ်မှတ်ခြင်း၊ သို့မဟုတ် အဖျက်အနှောင့် ပြုသူများအား တော်လှန် တိုက်ခိုက်ခြင်းတို့မှ အပ အခြား အပြစ်မဲ့တစ်ဦးအား တမင် အမုန်းထားလျက် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်းသည် လူသားမျိုးနွယ်အား စော်ကားခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ လူသား၏ တန်ဘိုးကို နားလည်စေရန်နှင့် ကောင်းမွန်သော လမ်းစဉ် တစ်ခုအား ဦးဆောင်ချမှတ်သည့် ခေါင်းဆောင်တစ်ဦးအား သတ်ဖြတ်ခြင်း မပြုရန် ရည်ရွယ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ **နၥ့ဖ်ဆ်** ဟူသော စကားလုံးကို သုံးထားခြင်း ဖြစ်ပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဉာဉ်စရိုက်ဟုဖြစ်၍ လူတို့၏ အကျင့် စရိုက်များကို ပြုပြင်ပြောင်းလဲနိုင်သော ပုဂ္ဂိုလ်မျိုးကိုလည်း ခေါ်ပေသည်။

**(၂၁၇)** ‘‘ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား စစ်ကြေငြာသူ–’’ဆိုသည်မှာ အစ္စလာမ်သာသနာအား လက်မခံသောသူများဟု လုံးဝ မဆိုလိုပေ။ အစ္စလာမ်သာသနာအား မယုံကြည်မှုကြောင့် ထိုလူအား စစ်ကြေငြာခွင့် မရှိပေ ထိုအကြောင်းကို အစ္စလာမ်သာသနာက ပေးသော ဘာသာရေး လွတ်လပ်ခွင့် ‘‘သစ္စတရားသည် ကံကြမ္မာရှင်ထံမှ ဖြစ်၏၊ သို့ဖြစ်၍ ယုံကြည်လိုသူသည် ယုံကြည်ပါစေ၊ မယုံကြည် လိုသူသည်လည်း မယုံကြည်ခွင့် ရှိပါစေ’’(၁၈း၂၉)၊ ဟူသည်က ရှင်းလင်းစွာ ပြောထားပေသည်။ ဤသုတ်တော်တွင်ပြောသော အရှင်အား စစ်ကြေငြာသူ ဆိုသည်မှာ ခိုး၊ ဆိုး၊ သောင်းကျန်း၍ နိုင်ငံတော်အား ဆူပူအောင် လုပ်နေသူများကို ဆိုလိုကြောင်း အစ္စလာမ် ဆရာတော်ကြီးများ ဖွင့်ဆိုသော ကျမ်းအားလုံးတွင် အကွဲအလွဲ မရှိပေ။ ထိုသူတို့အား အရေးယူရာတွင် အောက်ပါ ပြစ်ဒဏ်များမှ တစ်ခု သို့မဟုတ် တစ်ခု ကိုပေးရမည် ဖြစ်သည်။

**(၂၁၈) ‘‘ယုကတ်တလူး (န်)’’** ကို အချို့က သတ်ပစ်ကြလော့၊ ဘာသာပြန်ကြပေသည်။ သို့သော် သုတ်တော် (၃၄) တွင် လက်နက်ချ သူတို့အား ချွင်းချက်ပေးသည် ဆိုသော စကားက လက်နက် မချသူတို့အား စစ်ရေးအရ အရေးယူခြင်းကို ရှင်းလင်းစွာ ပြောဆိုထားပေသည်။ ကျမ်းတော်တွင် **‘‘ယုကတ်တလူး(န်)’’**ကို တော်လှန်ခြင်း၊ စစ်ဆင်နွှဲခြင်း’’ ဟု နေရာပေါင်း များစွာတွင် သုံးစွဲပေသည်။

**(၂၁၉) ‘‘ဆွလ်လဘူး’’** ဆိုသည်မှာ ကြိုးစင်၊ ကားစင်၊ လက်ဝါးကပ်တိုင် ဟု အနက်ပေး ပေသည်။ သို့သော် သေဒဏ်ချမှတ်မှုတွင် လွတ်ငြိမ်းချမ်းသာခွင့် ရှိနေကြောင်းကို သတိထားရမည် ဖြစ်သည်။ (၂း၁၇၈ ကို ကြည့်ပါ)

**(၂၂၀)** ဘာသာပြန် အများစုတွင် **လက်များ ခြေများအား ဆန့်ကျင်ဘက် ဖြတ်တောက်ကြလော့** ဟူသည်ကို လက်နှင့် ခြေအား ဆန့်ကျင်ဘက် **ဘယ်ခြေ၊ ညာလက်၊ သို့မဟုတ် ညာခြေ၊ ဘယ်လက်** ကို ဖြတ်ပြစ်ရမည်ဟု ဝမ်းနည်းဘွယ်တွေ့ ရပေသည်။ ထိုသို့ဖြစ်လျှင် **ဘယ်ခြေ ညာလက်အား ဖြတ်မည်လော**၊ သို့မဟုတ် **ညာခြေ ဘယ်လက်အား ဖြတ်မည်လော** ဆိုသည်မှာ အငြင်းပွားစရာ ဖြစ်လာပေမည်။ ဤသုတ်တော်၏ ဤအဓိပ္ပါယ်မှာ **ဆက်လုပ်နိုင်မည့် လက်များ ခြေများအား ဖြတ်တောက်ကြလော့** ဟု ဖြစ်သည်၊ – **လုပ်ပိုင်ခွင့်များ လှုပ်ရှားနိုင်ခွင့်များကို ဖြတ်တောက် ခိုင်းခြင်းသာ ဖြစ်ပေသည်။** خِلاَفٍ သည် ဆက်ခံသည်၊ တစ်ခုခု ပြုလုပ်ရမှ ဆက်လက်ဖြစ်ပေါ်သော အကျိုးဆက် ဟု အနက်ကို ပေးသည့် ရင်းမြစ် စကားလုံး **ل خ ف မှ** ဆင့်ပွားခြင်းဖြစ်သည်။ ဆက်ခံသူ သမ္မတ ခလီဖာဟ် خَلِيفَةً နှင့် ရင်းမြစ်တူသည်။ ရှေးဆရာတော်ကြီးများ မကောင်းမှုကို ပြုလုပ်မည့် **ဆန့်ကျင်ဘက်**ဟု ဆိုလိုဟန်တူပေသည်။ နဂိုလုပ်ဆောင်မှုအား ဆန့်ကျင်ဘက်ဖြစ်ရန် ဖြတ်တောက်ပစ်ရမည်။ **ပိတ်ဆို့ အရေးယူရမည်** ဟုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ (၅း၃၈ တွင်ကြည့်ပါ)

**(၂၂၁) ‘‘ယွန်းဖေါင်း (ဝ်)မင် အောက်သ်’’**ကို ဆရာတော်ကြီးများက **ပြည်နှင်ဒဏ်ပေးကြလော့** ဟု ဖွင့်ဆိုသည်က များပေသည်။ များစွာသော ပညာရှင်များက **အကျဉ်းထောင်၌ ချထားခြင်း**ကို ဆိုလိုသည်ဟု တက်ဖ်စီ ကဗီးရ် (အကျယ်ဖွင့် အလင်းပြကျမ်း)တွင် ဆိုသည်။ ဤစကားလုံးမှ **ယွန်းဖေါင်း (ဝ်)** ၏ အဓိပ္ပါယ်မှာ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်သောနေရာ– လူ့အသိုင်းအဝိုင်း၏ အပြင်ဘက် ဟု ဖြစ်၍ ယခုခေတ် အခါတွင် ထိုစကားလုံးအတွက် အစစ်မှန်ဆုံး အဓိပ္ပါယ်မှာ **အကျဉ်းထောင်** သို့မဟုတ် **ထိမ်းသိမ်းရေး စခန်း** သာလျှင် ဖြစ်ပေသည်။

| | |
|---|---|
| ၃၄။ | إِلاَّ الَّذِينَ تَابُواْ مِن قَبْلِ أَن تَقْدِرُواْ عَلَيْهِمْ فَاعْلَمُواْ أَنَّ اللّهَ غَفُورٌ رَّحِيمٌ۞<br>သင်တို့ စည်းမကြပ်မီ ခဝါချသောသူတို့အား၊ သိကြကုန်လော့– ကေနပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် မေတ္တာတော်ရှင် ဖြစ်တော်မူ၏။[၃၂၂] |
| ၃၅။<br>❖၂း၁၅၄ | يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ وَابْتَغُواْ إِلَيهِ الْوَسِيلَةَ وَجَاهِدُواْ فِي سَبِيلِهِ لَعَلَّكُمْ تُفْلِحُونَ۞<br>အို ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်မြတ်အပါးသို့ နီးကပ်မှုကို[၃၂၃] ရှာဖွေကြလော့၊ အောင်မြင်ပေါက်မြောက်အံ့ငှာ အရှင်၏ လမ်းစဉ်တော်၌❖ အားစိုက်ဆောင်ရွက်ကြလော့။[၃၂၄] |
| ၃၆။<br>☆၂း၁၇၄ | إِنَّ الَّذِينَ كَفَرُواْ لَوْ أَنَّ لَهُم مَّا فِي الأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لِيَفْتَدُواْ بِهِ مِنْ عَذَابِ يَوْمِ الْقِيَامَةِ مَا تُقُبِّلَ مِنْهُمْ وَلَهُمْ عَذَابٌ أَلِيمٌ۞<br>ကေနပင် ဖုံးကွယ်သောသူများ– သူတို့၏ မြေကမ္ဘာ၌ ရှိသမျှအားလုံး၊ ထိုပမာဏခန့် သူတို့ပိုင်လျှက် ရပ်တည်ရသောနေ့၏☆ ဝဋ်ကြွေးအတွက် လျော်ကြေးပေးသော်လည်း အကိုးပြည့်စေမည် မဟုတ်ချေ၊ စူးနစ်သော ဝဋ်ကြွေးသည် သူတို့အတွက် ရှိနေ၏။ |
| ၃၇။<br>၂း၂၄<br>☆ မကျွတ်သော | يُرِيدُونَ أَن يَخْرُجُواْ مِنَ النَّارِ وَمَا هُم بِخَارِجِينَ مِنْهَا وَلَهُمْ عَذَابٌ مُّقِيمٌ۞<br>သူတို့သည် **အပူမီး**မှ ထွက်လိုကြသော်လည်း ထိုမှ ရုန်းထွက်နိုင်မည် မဟုတ်ပေ၊ သူတို့အတွက် **မြဲမြံသော**☆ ဝဋ်ကြွေးသည် ရှိနေပြီ။ |
| ၃၈။ | وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُواْ أَيْدِيَهُمَا جَزَاء بِمَا كَسَبَا نَكَالاً مِّنَ اللّهِ وَاللّهُ عَزِيزٌ حَكِيمٌ۞<br>သူခိုး၊ သူခိုးမတို့အား သူတို့ ကျင့်ဆောင်ရာ၏ အစားရခြင်း အဖြစ် သူတို့၏ လုပ်ပိုင်ခွင့်ကို[၃၂၅] ဖြတ်တောက်ကြလော့၊ ပရမတ်ဘုရားရှင်၏ ထံမှ နမူနာဖြစ်၏၊ ကေနပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် အဆုံးအဖြတ်ရှင် ဖြစ်၏။ |

(၃၂၂) ဤသုတ်တော်သည် အထက်ဖေါ်ပြပါ ပြစ်ဒဏ်များမှ၊ သတိသံဝေဂရလျှက် တစ်စုံတစ်ဦး၏ တွန်းအားမပါဘဲ စိတ်စေတနာ အလျောက် ကောင်းမှုဘက်သို့ ဦးတည်လာသူတို့အား သနားကြင်နာရန် လွတ်ငြိမ်းချမ်းသာခွင့် ပြစ်ဒဏ်လျှော့ပေါ့ခွင့် ပေးရန်များကို သွန်သင်ပေသည်။ စိတ်အလိုကို လိုက်လျှက် သတ်မည် ဖြတ်မည် တကဲကဲ ပြုနေသူများကိုလည်း ပြင်းထန်စွာ သတိပေးသော သွန်သင်မှု ဖြစ်ပေသည်။

(၃၂၃) ဤသုတ်တော်ပါ စကားလုံးများဖြစ်သည့် **ဝဆီလာဟ်** နှင့် **ဂျီဟာဒ်** တို့ကို အူရ်ဒူ ဘာသာစကားတွင် ဆိုသော **ဝဆီလာဟ်** နှင့် **ဂျီဟာဒ်** တို့၏ အဓိပ္ပါယ်များ အတိုင်း လွဲမှားစွာ နားလည် နေမှုမှာ ဝမ်းနည်းစရာပင်။ အူရ်ဒူစကားတွင် **ဝဆီလာဟ်** ကို ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်၊ ကွပ်ကဲသူ (ရစူလ်၊ နဗီ၊ ဝလီ) များကို အကူအညီတောင်းခံခြင်း၊ သို့မဟုတ် ထိုပုဂ္ဂိုလ်မြတ်များ၏ အကူအညီ (ဝဆီလာဟ်) ဖြင့် ဆုတောင်းကြခြင်း ဖြစ်၍ အာရ်ဗီစကား **ဝဆီလာဟ်**နှင့် လုံးဝခြားနားပေသည်။ အာရ်ဗီစကား **ဝဆီလာဟ်**မှာ နီးကပ်မှုရရန် ကြိုးစားခြင်း ဖြစ်ပေသည်။ (အိန္ဒိယရီရ်၊ ဆရာတော် ဃာဇီဟာရှင်၏ အကျယ်ဖွင့် ဆဌမအစောင် စာမျက်နှာ ၁၆၆)။

(၃၂၄) အလားတူပင် **ဂျီဟာဒ်** ဟူသော စကားလုံးကိုလည်း အူရ်ဒူစာပေ လောကတွင် သာသနာရေး၌ စစ်ပြိုင်တိုက်ခိုက်ခြင်းကို ခေါ်ပေသည်။ သို့သော် ကျွန်ုပ်တို့ လက်ခံယုံကြည် လိုက်နာသော ကုရ်အာန်ကျမ်းတော်မှာ အာရ်ဗီစာပေဖြင့် မူရင်း ဖြစ်ကြောင်း သတိထားရန်မှာ အရေးကြီးလှပေသည်။ အရ်ဗီစကား "ဂျီဟာဒ်"၏ အနက်ကို (၂း၂၁၈) တွင် ကြည့်ပါ။ "တရားဒေသနာ ဟောပြောခြင်းသည်သာ အကြီးဆုံး ဂျီဟာဒ် ဖြစ်သည်" ဟု (၂၅း၅၂) တွင် ပြောထားပေသည်။ သို့ဖြစ်၍ ဂျီဟာဒ်ကို သာသနာပြုစစ် ဟု နားလည် ပြောဆို ခံစားနေခြင်းမှာ လုံးဝ မှန်ကန်မှု မရှိပေ။

(၃၂၅) ဤသုတ်တော်မှ "**အိုင်းယ်ယီးဒီးယာဟူမာ**" ဆိုသော စကားလုံးသည် **ယဒါ** လက်၊ လုပ်ပိုင်ခွင့် ဟူသော စကားမှ ဆင်းသက်လာပေသည်။ ဆရာတော်ကြီး အများစုက **လက်များကို ဖြတ်ကြလော့** ဟု မူရင်းစာပေ၏ ဝဏ်ဝုတ္တိ အလင်္ကာ အတိုင်း ပြန်ဆိုကြသောကြောင့် အစ္စလာမ် သာသနာ၏ လှပသော ဥပဒေများမှာ စာပေအားနည်း သူများအတွက် အကျည်းတန်သွားရပေသည်။ ခိုးသူတိုင်းအား လက်ဖြတ်ရလျှင် ဤကမ္ဘာ၌ လက်ရှိသော လူဟူ၍ ရှိတော့မည် မဟုတ်ပေ။ ငယ်စဉ်ကလေးဘဝက လူတိုင်းနီးပါးသည် မိမိတို့၏ မိဘများထံဖြစ်စေ ကစားဖေါ်ခြင်း ဖြစ်စေ ငွေစကြေးစလေးများ၊ ကစားစရာလေးများကို ခိုးယူဘူးခဲ့သည့် သူများ ဖြစ်ပေသည်။ အခြားတဖက်တွင် ခိုးတတ်သော သူအား ခန္ဓာကိုယ် အစိတ်အပိုင်း ဖြစ်သည့် လက်အား ဖြတ်ပစ်ရုံနှင့် ခိုးတတ်သည့် အကျင့် ပျောက်သွားမည် မဟုတ်ပေ။ ဥပမာအားဖြင့် ငွေကြေး၊ ဥစ္စာ ကိုင်တွယ်ရသော ဌာန တစ်ခုမှ အရာရှိတစ်ဦးသည် ပြည်သူ့ ဘဏ္ဍာများအား ခိုးဝှက်ခဲ့လျှင် သူ့အား လက်ကိုသာ ဖြတ်ပစ်လျှက် ထိုဌာန၌ ဆက်လက် ခန့်အပ်ထားပါက သူသည် ဆက်လက် ခိုးနေဦးမည်ပင်။ အမှန်အားဖြင့် သူ၏ လုပ်ပိုင်ခွင့်ကို ဖြတ်တောက် ပစ်ရမည်သာ ဖြစ်ပေသည်။ (ဌာနမှ ထုတ်ပယ်ခြင်း အရေးယူခြင်းများ ပြုလုပ်ရမည် ဖြစ်သည်)။ ဤသုတ်တော်ပါ စကားလုံးများ အတိုင်း (၁၂း၃၂) တွင် **ကိုယ်တော် ယူဆွဖ်ကို မြင်တွေ့သောအခါ– အမျိုး**

၃၉။ فَمَن تَابَ مِن بَعْدِ ظُلْمِهِ وَأَصْلَحَ فَإِنَّ اللّهَ يَتُوبُ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞

မိုက်မဲခဲ့ပြီးနောက် ခဝါချလျှက် ပြုပြင်ပြောင်းလဲ သူတို့အား ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူမည်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၄၀။ أَلَمْ تَعْلَمْ أَنَّ اللّهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ يُعَذِّبُ مَن يَشَاء وَيَغْفِرُ لِمَن يَشَاء وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞

ကေန်ပင် မိုးများနှင့် မြေ၏ ဩဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏ ဆိုသည်ကို သင်တို့ မသိကြသလော၊ စံချိန်ပြည့်သူအလျှောက်☆ ဝဋ်ကြွေးသင့်စေ၏၊ စံချိန်ပြည့်သူအား☆ လွတ်ငြိမ်းစေတော်မူ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။

☆ ၂း၇၀

၄၁။ يَا أَيُّهَا الرَّسُولُ لاَ يَحْزُنكَ الَّذِينَ يُسَارِعُونَ فِي الْكُفْرِ مِنَ الَّذِينَ قَالُواْ آمَنَّا بِأَفْوَاهِهِمْ وَلَمْ تُؤْمِن قُلُوبُهُمْ وَمِنَ الَّذِينَ هِادُواْ سَمَّاعُونَ لِلْكَذِبِ سَمَّاعُونَ لِقَوْمٍ آخَرِينَ لَمْ يَأْتُوكَ يُحَرِّفُونَ الْكَلِمَ مِن بَعْدِ مَوَاضِعِهِ يَقُولُونَ إِنْ أُوتِيتُمْ هَذَا فَخُذُوهُ وَإِن لَّمْ تُؤْتَوْهُ فَاحْذَرُواْ وَمَن يُرِدِ اللّهُ فِتْنَتَهُ فَلَن تَمْلِكَ لَهُ مِنَ اللّهِ شَيْئًا أُوْلَئِكَ الَّذِينَ لَمْ يُرِدِ اللّهُ أَن يُطَهِّرَ قُلُوبَهُمْ لَهُمْ فِي الدُّنْيَا خِزْيٌ وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ ۞

အို–ဥာဏ်စဉ်ဆောင်၊ ဖုံးကွယ်မှု၌ အလျှင်လိုနေကြသော– နှလုံးသား၌ မယုံကြည်ဘဲ ပါးစပ်များဖြင့် ယုံကြည်ပါသည်ဟု ပြောသောသူများ၊ ရေဝတီဖြစ်သူများမှ မုသားစကားကိုသာ နားဝင်ချိုသူများ၊ နောက် လူမျိုးကို နားယောင်သူများ၊ သင့်ထံသို့ လာသူတို့အား မူရင်းမှ သူတို့ လှည့်ပြောင်းပြီး တရားများကို ပေးအပ်ပြီးနောက် လက်ခံကြရန်၊ မပေးအပ် လျှင် ရှောင်ဖယ်ကြရန် ပြောဆိုသူများကြောင့် သင် သောကမဖြစ်နှင့်။ သတိထားလော့၊ ပရမတ်ဘုရားရှင်က စမ်းသပ်လိုသူ အတွက် ပရမတ်ဘုရားရှင်နှင့် ဆန့်ကျင်၍ အသင့်၌ ဩဇာအာဏာ တစ်စုံတစ်ရာ မရှိချေ၊ ပရမတ်ဘုရားရှင်သည် သူတို့၏ နှလုံးသားအား သန့်စင်စေလိုသော သူများ မဟုတ်ပေ၊ သူတို့အတွက် ဤဘဝ၌ အရှက်ရခြင်းနှင့် နောင်ဘဝ၌ မဟာ ဝဋ်ကြွေးကြီး ရှိနေ၏။

၄၂။ سَمَّاعُونَ لِلْكَذِبِ أَكَّالُونَ لِلسُّحْتِ فَإِن جَآؤُوكَ فَاحْكُم بَيْنَهُم أَوْ أَعْرِضْ عَنْهُمْ وَإِن تُعْرِضْ عَنْهُمْ فَلَن يَضُرُّوكَ شَيْئًا وَإِنْ حَكَمْتَ فَاحْكُم بَيْنَهُمْ بِالْقِسْطِ إِنَّ اللّهَ يُحِبُّ الْمُقْسِطِينَ ۞

မုသားစကားကိုသာ နားဝင်ချိုသူများ၊ တားမြစ်သည်ကို စားသုံးသူများ– သင့်ထံသို့ရောက်လာလျှင် သူတို့ကြား၌ စီရင်ထုံးပြု ပေးလော့၊ သို့မဟုတ် သူတို့အား ဘောင်ထားလော့၊ ဘောင်ထားလျှင် သင့်အား တစ်စုံတရာ နစ်နာစေမည် မဟုတ်ချေ။ အကယ်၍ စီရင်ထုံးပြုလျှင် သူတို့ကြား၌ သမာသမတ်ဖြင့် စီရင်ထုံးပြုလော့၊ ပရမတ်ဘုရားရှင်သည် သမာ သမတ်ရှိသူတို့အား နှစ်သက်တော်မူ၏။[၃၂၆]

---

**သမီးများသည် မိမိတို့လက်ကို မိမိတို့ ဖြတ်မိကြသည်** ဟု သုံးထားသည်ကို ထိုအမျိုးသမီးများ လက်ပြတ်ကျသွားသည် ဟု မည်သူကမှ လက်ခံယုံကြည်မှု မရှိပေ။ ဆိုလိုသည်မှာ ကိုယ်တော် ယူဆွဖ်၏ ဥပတိကိုတွေ့၍ ေမောကာ မိမိတို့ လုပ်ဆောင်နေသော အလုပ်များကို မေ့လျော့ ရပ်တန့်ကုန်ကြသည်ဟု ကိုယ်တော်ယူစွဖ်၏ ခန့်ထည်မှုကို တင်စားခြင်း ဖြစ်ပေသည်။ အလားတူပင် ဤသုတ်တော်မှ ခိုးသားများအား ပေးသော ပြစ်ဒဏ်မှာ သူတို့၏ လုပ်ဆောင်နေမှုအား ရပ်တန့်သွားရန် လုပ်ပိုင်ခွင့်အား ဖြတ်တောက် ပစ်ရမည်သာ ဖြစ်ပေသည်။ ထိုအကြောင်းကို သုတ်တော် ၃၉ ပါ **မိုက်မဲခဲ့ပြီးနောက် ခဝါချလျှက် ပြုပြင်ပြောင်းလဲသူတို့အား ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူ၏** ဆိုသည်က ထင်ရှားစေပေ သည်။ အကယ်၍ လက်ကို ဖြတ်ခဲ့ပြီးလျှင် ပြန်ဆက်ပေး၍ ရတော့မည် မဟုတ်ပေ။ (ခွင့်လွှတ်သည် ဆို၍ ရတော့မည် မဟုတ်ပေ)။ ထို့ကြောင့် ခိုးတတ်သူတို့အား လက်များကို ဖြတ်ပစ်ကြလော့ ဟု ဆိုသော ဤသုတ်တော်နှင့် **တရားမဝင်ကာမမှုကို ကျူးလွန်သူတို့အား ကြိမ်ဖြင့် ရိုက်လော့** ဟု ဆိုသော ၁၄း၂ တို့သည် ထိရောက်စွာ အရေးယူခြင်းတည်းဟူသည့် ဝင်္ကဝုတ္တိအလင်္ကာများသာ ဖြစ်ပေသည်။

(၃၂၆) ဤသုတ် ဥပဒေသည် ကိုယ်ပိုင် ဥပဒေပြဋ္ဌာန်းခွင့် ရှိသော သူများ အကြား ဝင်ရောက် ဖြေရှင်းပေးသော အခါ ကျင့်သုံးရမည့် ကျင့်ထုံး ဖြစ်သည်။ ကိုယ်တော်၏ လက်ထက်တွင် မဒီနာနေ ဂျူးလူမျိုး အကြောင်းကို ပမာပေး၍ ပြောခြင်း ဖြစ်သည်။ ထိုစဉ်က သူတို့သည် ကိုယ်ပိုင် ဥပဒေဖြင့် နေခဲ့ခြင်း ဖြစ်၍– ဆုံးဖြတ်ရမည့် ကိစ္စများမှာလည်း နိုင်ငံတစ်ခုလုံးနှင့် မသက်ဆိုင်ဘဲ ပုဂ္ဂလိက အကျိုးစီးပွားများသာ ဖြစ်ပေသည်။ ထိုအခြေအနေ

၄၃။ وَكَيْفَ يُحَكِّمُونَكَ وَعِندَهُمُ التَّوْرَاةُ فِيهَا حُكْمُ اللّهِ ثُمَّ يَتَوَلَّوْنَ مِن بَعْدِ ذَلِكَ وَمَا أُوْلَـئِكَ بِالْمُؤْمِنِينَ ۞

✡ ၃း၃ သူတို့၌ ပရမတ်ဘုရားရှင်က စီရင်ထုံးပြုပေးထားသော တိုရာဟ်ကျမ်း ရှိနေပါလျှက်၊✡ တဖန် ဤနောက်တွင် သင့်ထံမှ လှည့်သွားသူတို့အား အသင်က မည်သို့ စီရင်ထုံးပြုပေးနိုင်အံ့နည်း၊ သူတို့သည် ယုံကြည်သူများ မဟုတ်ပေ။

၄၄။ إِنَّا أَنزَلْنَا التَّوْرَاةَ فِيهَا هُدًى وَنُورٌ يَحْكُمُ بِهَا النَّبِيُّونَ الَّذِينَ أَسْلَمُواْ لِلَّذِينَ هَادُواْ وَالرَّبَّانِيُّونَ وَالأَحْبَارُ بِمَا اسْتُحْفِظُواْ مِن كِتَابِ اللّهِ وَكَانُواْ عَلَيْهِ شُهَدَاء فَلاَ تَخْشَوُاْ النَّاسَ وَاخْشَوْنِ وَلاَ تَشْتَرُواْ بِآيَاتِي ثَمَنًا قَلِيلاً وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللّهُ فَأُوْلَـئِكَ هُمُ الْكَافِرُونَ ۞

☆၅း၆၃ ဂျူးဘုန်းကြီး ★ နည်း

ကေန်ပင် ငါသည် လမ်းညွှန်နှင့် အလင်းဆောင်သည့် တိုရာဟ်ကျမ်းကို[၃၂၇] ချမှတ်ပေးခဲ့ပြီ၊ ငြိမ်းချမ်းရေးပြုသော သတင်းတော်ဆောင်များက ၎င်းဖြင့် ရေဝတီဖြစ်သူများအား စီရင်ထုံးပြုကြကုန်၏၊ ဆရာတော်များ☆ ဓမ္မစရိယများကိုလည်း ပရမတ်ဘုရားရှင်၏ ကျမ်းတော်ကို စောင့်ထိန်းစေခဲ့၏။ သူတို့သည် ယင်း၌ သက်သေများ ဖြစ်ကြ၏။ လူသားတို့အား မကြောက်ရွံ့လင့်၊ ငါ့ကိုသာ ကြောက်ရွံ့ကြလော့၊ ငါ၏ သုတ်ဒေသနာများအား တန်ဘိုး**ချ**★ ရောင်းမစားကြလင့်၊ ပရမတ်ဘုရားရှင်က ချမှတ်ပေးရာနှင့် စီရင်ထုံးမပြု သူသည် ဖုံးကွယ်သူများ ဖြစ်ကြ၏။

၄၅။ وَكَتَبْنَا عَلَيْهِمْ فِيهَا أَنَّ النَّفْسَ بِالنَّفْسِ وَالْعَيْنَ بِالْعَيْنِ وَالأَنفَ بِالأَنفِ وَالأُذُنَ بِالأُذُنِ وَالسِّنَّ بِالسِّنِّ وَالْجُرُوحَ قِصَاصٌ فَمَن تَصَدَّقَ بِهِ فَهُوَ كَفَّارَةٌ لَّهُ وَمَن لَّمْ يَحْكُم بِمَا أنزَلَ اللّهُ فَأُوْلَـئِكَ هُمُ الظَّالِمُونَ ۞

ထိုကျမ်း၌ သူတို့အား ဉာဥ်စရိုက်ဆိုလျှင် ဉာဥ်စရိုက်၊ မျက်လုံးဆိုလျှင် မျက်လုံး၊ နှာခေါင်းဆိုလျှင် နှာခေါင်း၊ နားရွက်ဆိုလျှင် နားရွက်၊ သွားဆိုလျှင် သွား[၃၂၈] ဒဏ်ရာဒဏ်ချက်အလိုက် ပြဋ္ဌာန်း ပေါ်ပြပေးထား၏။ အကယ်၍ ၎င်းကို အလှူအဖြစ်လျှော်ပေးသူ– သူ့အတွက် ပလပ်ခွင့် ရှိ၏။ ပရမတ်ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးမပြုခဲ့လျှင် သူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။

၄၆။ وَقَفَّيْنَا عَلَى آثَارِهِم بِعَيسَى ابْنِ مَرْيَمَ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَآتَيْنَاهُ الإِنجِيلَ فِيهِ هُدًى وَنُورٌ وَمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَهُدًى وَمَوْعِظَةً لِّلْمُتَّقِينَ ۞

☆ ၃း၅၅ ငါသည် သူတို့၏ ရိုးရာလိုက်မြဲဖြစ်သော လက်ရှိ–ရှေ့မှောက် တိုရာဟ်ကျမ်းအား ဖြောင့်မှန်စေအံ့ငှာ မာရိ၏သားယေရှုအား☆ ထပ်ဆင့်ပွင့်ပေါ်စေခဲ့၏။ သူအား စည်းစောင့်သူများအတွက် လမ်းညွှန် အဆုံးအမဖြစ်သော လက်ရှိ–ရှေ့မှောက် တိုရာဟ် ကျမ်းအား ဖြောင့်မှန်စေသည့် လမ်းညွှန် အလင်းရောင် ဧဝံဂလိကို ချီးမြှင့်ခဲ့ပြီ။[၃၂၉]

၄၇။ وَلْيَحْكُمْ أَهْلُ الإِنجِيلِ بِمَا أَنزَلَ اللّهُ فِيهِ وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللّهُ فَأُوْلَـئِكَ هُمُ الْفَاسِقُونَ ۞

☆ ၃း၃ ဧဝံဂလိ☆ အသင်းသားများသည် ထိုကျမ်းပါ ပရမတ်ဘုရားရှင် ချမှတ်သည့်အတိုင်း စီရင်ထုံးပြုရပေမည်။ ပရမတ်

---

မျိုးတွင် ထိုကိုယ်ပိုင် ဥပဒေ ပြဋ္ဌာန်းခွင့်ရ လူမျိုးတို့မှာ သူတို့၏ ဓလေ့ထုံးတမ်းဖြင့် ဆုံးဖြတ်လိုက ဆုံးဖြတ်နိုင်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။ သို့သော် နိုင်ငံတော် တစ်ခုလုံး အတွက် ဖြစ်လာလျှင် လူမျိုးတိုင်းအတွက် ဖွဲ့စည်းပုံ ကုရ်အာန်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပြီး သီးခြား ဥပဒေဖြင့် ဆုံးဖြတ်ရန် ခွင့်ပြုနိုင်ခြင်း မရှိပေ (၅း၄၉)။ ဤဥပဒေနစ်ရပ်ကို သေချာစွာ နားမလည်ဘဲလျှက် အချို့သော ဆရာတော်ကြီးများက ၅း၄၉ အား ချမှတ်ပေးပြီးနောက် ဤသုတ်တော် ၅း၄၂ မှာ ပလပ်သွားပြီဟု စွပ်စွဲခြင်းမှာ ကျမ်းတော်အား အကြီးအကျယ် စော်ကားခြင်းသာ ဖြစ်၍၊ ကျမ်းတော်က ပြဋ္ဌာန်းပေးသော ပြည်ထောင်စုမူ ဆိုသည်ကိုလည်း နားမလည်ခြင်းသာ ဖြစ်တော့သည်။

(၃၂၇) တိုရာဟ်ကျမ်းကို လမ်းညွှန်နှင့် အလင်းဟု ကုရ်အာန်ကျမ်းတော်က တင်ပြပေသည်၊ ထိုအချက်ကို အစ္စလာမ်သာသနာဝင်များက ငြင်းဆိုခြင်း မရှိပေ။ သို့သော် တိုရာဟ်ကျမ်းသည် ဂျူးလူမျိုးများအတွက်သာ ဖြစ်ပြီး၊ အချိန်ကာလ တစ်ခုအတွက်သာ ဖြစ်သည်ဟု အစ္စလာမ်သာသနာက လက်ခံခြင်း ဖြစ်ပေသည်။ ၎င်းသည် ကမ္ဘာ့ လူမျိုးတိုင်းအတွက်သော်လည်းကောင်း၊ အမြဲတမ်း ခေတ်ကာလတိုင်းအတွက် လည်းကောင်း ဖြစ်သည်ဟု မည်သည့် နေရာတွင်မှ အာမခံချက် မရှိ ဆိုသည်ကိုသာ အစ္စလာမ်သာသနာက တင်ပြခြင်း ဖြစ်ပေသည်။ ထို့အပြင် တိုရာဟ်ကျမ်း (ယခုသိနေသော ဓမ္မဟောင်းကျမ်း) အားလုံးသည်လည်း ကိုယ်တော်မူဆာ ထံ၌ ချမှတ်ပေးခဲ့သည့်ကျမ်း ဖြစ်သည်ဟု မည်သည့်နေရာတွင်မှ မတွေ့ရပေ။

(၃၂၈) သမ္မာကျမ်းစာ၏ ထွက်မြောက်ရာကျမ်း ၂၁း၂၃–၂၅ နှင့် ဝတ်ပြုရာကျမ်း ၂၄း၁၉–၂၁ နှင့် နှိုင်းယှဉ်ကြည့်ရှုပါ။

(၃၂၉) ဧဝံဂလိ ကို လမ်းညွှန် အလင်းရောင်ဟု ပြောဆိုခြင်းမှာ ၅း၄၄ တွင် တိုရာဟ်ကျမ်းအား ပြောဆိုသကဲ့သို့ပင် ဖြစ်၏။

| | |
|---|---|
| | ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးမပြုခဲ့လျှင် သူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၄၈။ | **وَأَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتَابِ وَمُهَيْمِنًا عَلَيْهِ فَاحْكُم بَيْنَهُم بِمَا أَنزَلَ اللّهُ وَلاَ تَتَّبِعْ أَهْوَاءهُمْ عَمَّا جَاءكَ مِنَ الْحَقِّ لِكُلٍّ جَعَلْنَا مِنكُمْ شِرْعَةً وَمِنْهَاجًا وَلَوْ شَاء اللّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَكِن لِّيَبْلُوَكُمْ فِي مَآ آتَاكُم فَاسْتَبِقُوا الخَيْرَاتِ إِلَى الله مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞**<br>ငါသည် လက်ရှိ–ရှေ့မှောက် ကျမ်းများထက် ဖြောင့်မှန်စေသည့် ပရမတ္ထသစ္စာဖြင့် စောင့်ရှောက်ထားသည့် ကျမ်းတော်ကို အသင့်အား ချမှတ်ပေးတော်မူ၏။ သူတို့၏ကြား၌ ပရမတ်ဘုရားရှင် ချမှတ်ပေးရာဖြင့် စီရင်ထုံးပြုလော့။ သင့်အပေါ်၌ သစ္စာတရားအား ရောက်လာစေပြီ၊ သူတို့၏ လိုဘနောက်သို့ မလိုက်နှင့်။ ငါသည် သင်တို့အဘို့ တရားဥပဒေနှင့် နည်းဥပဒေကိုယ်စီ စီစဉ်ပေးပြီ။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည်ခဲ့လျှင် သင်တို့အား အသိုင်းအဝိုင်း တစ်ခုတည်း စီစဉ်တော်မူခဲ့လတ္တံ့။ သို့ရာတွင် သင်တို့အား ချီးမြှင့်ပေးရာ အားဖြင့် စုံစမ်းတော်မူပြီ။ ကောင်းမှု၌ ပြိုင်ဆိုင်ကြကုန်လော့၊ သင်တို့ အားလုံး ပရမတ်ဘုရားရှင်၏ ထံသို့သာ အပြန်ခရီးရှိ၏။ အရှင်သည် သင်တို့၏ ကွဲလွဲမှု ရှိခဲ့ရာအား သတင်းထုတ်ပြန်တော်မူလတ္တံ့။ |
| ၄၉။ | **وَأَنِ احْكُم بَيْنَهُم بِمَآ أَنزَلَ اللّهُ وَلاَ تَتَّبِعْ أَهْوَاءهُمْ وَاحْذَرْهُمْ أَن يَفْتِنُوكَ عَن بَعْضِ مَا أَنزَلَ اللّهُ إِلَيْكَ فَإِن تَوَلَّوْاْ فَاعْلَمْ أَنَّمَا يُرِيدُ اللّهُ أَن يُصِيبَهُم بِبَعْضِ ذُنُوبِهِمْ وَإِنَّ كَثِيرًا مِّنَ النَّاسِ لَفَاسِقُونَ۞**<br>သူတို့ကြား၌ ပရမတ်ဘုရားရှင် ချမှတ်ပေးသည့်အတိုင်း စီရင်ထုံးပြုလော့၊ သူတို့၏ လိုဘနောက်သို့ မလိုက်နှင့်၊ ပရမတ်ဘုရားရှင်က သင့်ထံ ချမှတ်ပေးသည်၏ တစ်ချို့မှ သူတို့က သင့်အား သွေးတိုးစမ်းလိုသည်ကို သတိထားလော့၊ အကယ်၍ လှည့်သွားခဲ့ကြလျှင် ပရမတ်ဘုရားရှင်သည် သူတို့၏ ပြစ်မှုများအတွက် အချို့အား ထိသက်စေလိုသည်ကို သိကြလော့၊ လူသားတို့အနက် များစွာမှာ ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၅၀။ | **أَفَحُكْمَ الْجَاهِلِيَّةِ يَبْغُونَ وَمَنْ أَحْسَنُ مِنَ اللّهِ حُكْمًا لِّقَوْمٍ يُوقِنُونَ۞**<br>ပညာမဲ့ခေတ်မှ စီရင်ထုံးများကို ရှာဖွေလိုကြသလော၊ ဒိဋ္ဌယုံသော လူမျိုးတို့အတွက် ပရမတ်ဘုရားရှင်ထက် ပိုမိုတင့်တယ်သော ဓမ္မသတ်ရှင်သည် အဘယ်သူ ရှိအံ့နည်း။ |
| ၅၁။<br><br>☆ ၃း၂၈ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الْيَهُودَ وَالنَّصَارَى أَوْلِيَاء بَعْضُهُمْ أَوْلِيَاء بَعْضٍ وَمَن يَتَوَلَّهُم مِّنكُمْ فَإِنَّهُ مِنْهُمْ إِنَّ اللّهَ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞**<br>အို ယုံကြည်သောသူတို့၊ ရေဝတီနှင့် ခရစ်ယာန်တို့အား မဟာမိတ် အဖြစ် မယူမှတ်ကြနှင့်၊ သူတို့မှ အချို့သည် အချို့၏ မဟာမိတ်များ ဖြစ်ကြ၏၊ သင်တို့အနက် သူတို့ထံ လှည့်သူသည် သူတို့၏ အဖွဲ့ဝင်ဖြစ်၏။☆ ကေန်ပင် ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။ |
| ၅၂။<br><br>ပြိုင်ဆိုင် | **فَتَرَى الَّذِينَ فِي قُلُوبِهِم مَّرَضٌ يُسَارِعُونَ فِيهِمْ يَقُولُونَ نَخْشَى أَن تُصِيبَنَا دَآئِرَةٌ فَعَسَى اللّهُ أَن يَأْتِيَ بِالْفَتْحِ أَوْ أَمْرٍ مِّنْ عِندِهِ فَيُصْبِحُواْ عَلَى مَا أَسَرُّواْ فِي أَنْفُسِهِمْ نَادِمِينَ۞**<br>၎င်းတို့ထဲသို့ **ပြေး**ပေါင်းကြသော၊ စိတ်နှလုံး၌ ရောဂါရှိသူတို့အား သင် မြင်ရလတ္တံ့၊ သူတို့က "ကျွန်ုပ်တို့သည် ရှုံးတင်ခံရခြင်း ထိမည်ကို ကြောက်မိ၏၊"ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် ထွက်ရပ်လမ်း[၃၃၀] သို့မဟုတ် သူတို့၏ ဉာဉ်စရိုက်၌ ကြိတ်ကြံစည်သည်ကို ယူကြုံးမရဖြစ်သွားစေမည့်– အရှင့်ထံမှ ညွှန်ကြားချက်ကို ရောက်စေနိုင်ရာ၏။ |

(၃၃၀) ထွက်ရပ်လမ်း–(အောင်မြင်မှု) ဆိုသည်မှာ ယုံကြည်သူ သမာဓိ ခိုင်မြဲသူများကို ချီးမြှင့်မည့် နိမိတ်ဖြစ်၍ ဤသုတ်တော်ပါ ပူဆွေးစေမည့် အစီအမံတစ်ရပ် ဆိုသည်မှာ သစ္စာဖေါက်များ ကြုံတွေ့ရမည့် သောကကို နိမိတ်ပေးခြင်း ဖြစ်ပေသည်။

၅၃။ وَيَقُولُ الَّذِينَ آمَنُواْ أَهَؤُلاء الَّذِينَ أَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ إِنَّهُمْ لَمَعَكُمْ حَبِطَتْ أَعْمَالُهُمْ فَأَصْبَحُواْ خَاسِرِينَ۞

စိတ်ဝေဒနာရှင်

ယုံကြည်သောသူများအား– ပရမတ်ဘုရားရှင်ကို အင်တိုက်အားတိုက် အားသန်စွာဖြင့် တိုင်တည်သော ထိုသူတို့က "သူတို့သည် သင်တို့နှင့်အတူ ဖြစ်ခဲ့ကြောင်း၊"ဟု ဆိုကြ၏။ **သူတို့**၏ ကျင့်ကြံမှုများသည် အချည်းနှီးပင်၊ သူတို့သည် ဆုံးရှုံးရသူများ ဖြစ်သွားခဲ့ကြ၏။

၅၄။ يَا أَيُّهَا الَّذِينَ آمَنُواْ مَن يَرْتَدَّ مِنكُمْ عَن دِينِهِ فَسَوْفَ يَأْتِي اللّهُ بِقَوْمٍ يُحِبُّهُمْ وَيُحِبُّونَهُ أَذِلَّةٍ عَلَى الْمُؤْمِنِينَ أَعِزَّةٍ عَلَى الْكَافِرِينَ يُجَاهِدُونَ فِي سَبِيلِ اللّهِ وَلاَ يَخَافُونَ لَوْمَةَ لآئِمٍ ذَلِكَ فَضْلُ اللّهِ يُؤْتِيهِ مَن يَشَاء وَاللّهُ وَاسِعٌ عَلِيمٌ۞

အို ယုံကြည်သောသူတို့၊ သင်တို့အနက် သာသနာတော်မှ လှည့်ပြေးသောသူ အစား၊ ပရမတ်ဘုရားရှင် နှစ်သက်သော– သူတို့ကလည်း အရှင့်အား နှစ်သက်သော လူမျိုးတစ်မျိုးကို ဆောင်ကြဉ်းယူလတ္တံ့၊ သူတို့သည် ယုံကြည်သူတို့ အပေါ်၌ နှိမ့်ချကြ၍ ဖုံးကွယ်သူများ အပေါ်တွင် ဘုန်းကံကိုပြလျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ အားစိုက်ဆောင်ရွက်ကြ၏။ အပြစ်တင်သူ၏ ပြစ်တင်မှုကိုလည်း **မတုန်လှုပ်**ကြချေ။ ဤသည် ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သူ အလျှောက်☆ သိက္ခာကို ချီးမြှင့်ခံရ၏။ ပရမတ်ဘုရားရှင်သည် အသိဉာဏ်တော် ဖြန့်ကျက်ထားသော အရှင် ဖြစ်၏။

☆ ၂း၇၀

၅၅။ إِنَّمَا وَلِيُّكُمُ اللّهُ وَرَسُولُهُ وَالَّذِينَ آمَنُواْ الَّذِينَ يُقِيمُونَ الصَّلاَةَ وَيُؤْتُونَ الزَّكَاةَ وَهُمْ رَاكِعُونَ۞

အသင်တို့အတွက် မဟာမိတ်သည်ကား ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် မေတ္တာဓိဌာန် မြဲကြသော အခွန်ငွေဖြူ ပေးကြသော☆ ယုံကြည်သူများပင် ဖြစ်၏၊ သူတို့သည် ဦးညွှတ်သူများ ဖြစ်ကြ၏။

☆ ၂း၄၃

၅၆။ وَمَن يَتَوَلَّ اللّهَ وَرَسُولَهُ وَالَّذِينَ آمَنُواْ فَإِنَّ حِزْبَ اللّهِ هُمُ الْغَالِبُونَ۞

ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သောသူတို့ထံ လှည့်သူသည် ပရမတ်ဘုရားရှင်၏ အသင်းသားများ ဖြစ်ကြ၍ သူတို့သည် အနိုင်ရသူများ ဖြစ်ကြ၏။

၅၇။ يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الَّذِينَ اتَّخَذُواْ دِينَكُمْ هُزُوًا وَلَعِبًا مِّنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَالْكُفَّارَ أَوْلِيَاء وَاتَّقُواْ اللّهَ إِن كُنتُم مُّؤْمِنِينَ۞

အို ယုံကြည်သောသူတို့၊ သင်တို့၏ ရှေ့အလျှင် ကျမ်းပေးခံရသောသူများနှင့် ဖုံးကွယ်သူများ အနက်မှ သင်တို့၏ သာသနာအား လှောင်ပြောင် ဟာသလုပ်စရာဟု မှတ်ယူသော သူများအား မဟာမိတ် အဖြစ် မယူမှတ်နှင့်၊ သင်တို့သည် ယုံကြည်သူ စင်စစ်ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။

၅၈။ وَإِذَا نَادَيْتُمْ إِلَى الصَّلاَةِ اتَّخَذُوهَا هُزُوًا وَلَعِبًا ذَلِكَ بِأَنَّهُمْ قَوْمٌ لاَّ يَعْقِلُونَ۞

အသင်တို့အား မေတ္တာဓိဌာန်သို့☆ ဖိတ်ခေါ်သောအခါ လှောင်ပြောင် ဟာသလုပ်စရာဟု ယူမှတ်ကြ၏ ယင်းမှာ သင်တို့သည် အတွေးအခေါ် မရှိသော လူမျိုးကြောင့် ဖြစ်၏။

☆ ၂း၃

၅၉။ قُلْ يَا أَهْلَ الْكِتَابِ هَلْ تَنقِمُونَ مِنَّا إِلاَّ أَنْ آمَنَّا بِاللّهِ وَمَا أُنزِلَ إِلَيْنَا وَمَا أُنزِلَ مِن قَبْلُ وَأَنَّ أَكْثَرَكُمْ فَاسِقُونَ۞

ဟောပြောလော့ "အို ကျမ်းစာဝိုင်းသားတို့၊ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့အား ချမှတ်ပေးရာ၊ ရှေ့အလျှင်က ချမှတ်ပေးရာတို့ကိုသာ ယုံကြည်သောကြောင့် ကျွန်ုပ်တို့အား လက်တုံ့ပြန်ကြသလော၊ သင်တို့အနက် အများစုမှာ ယုတ်မာသူများ ဖြစ်ကြ၏။"

၆၀။ قُلْ هَلْ أُنَبِّئُكُم بِشَرٍّ مِّن ذَلِكَ مَثُوبَةً عِندَ اللّهِ مَن لَّعَنَهُ اللّهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ الْقِرَدَةَ وَالْخَنَازِيرَ وَعَبَدَ الطَّاغُوتَ أُوْلَـئِكَ شَرٌّ مَّكَاناً وَأَضَلُّ عَن سَوَاء السَّبِيلِ۞

★၂း၁၅၉ ☆၂း၆၅

ဟောပြောလော့ "ပရမတ်ဘုရားရှင်ထံမှ ဤထက် ဆိုးဝါးသော အကျိုးဆက်ဖြစ်သည့် အရှင့်ထံမှ မေတ္တာဝေးသော၊★ ပရမတ်ဘုရားရှင်က ကံကြီးသင့်စေသော၊ သူတို့အနက်မှ မျောက်များ၊ ဝက်များ၊☆ မိစ္ဆာကောင်အား ကိုးကွယ်သူ အဖြစ် စီစဉ်ခံရ သူ၏ အကြောင်းကို သတင်းထုတ်ပြန်ရမည်လော၊ သူတို့၏ ဘဝဆက်သည် ပိုမိုဆိုးဝါးလှ၏၊ ပုံစံချပြီး လမ်းစဉ်မှ ပို၍လွဲချော်ကြကုန်၏။"

၆၁။ وَإِذَا جَآؤُوكُمْ قَالُوَاْ آمَنَّا وَقَد دَّخَلُواْ بِالْكُفْرِ وَهُمْ قَدْ خَرَجُواْ بِهِ وَاللّهُ أَعْلَمُ بِمَا كَانُواْ يَكْتُمُونَ۞

သင်တို့ထံသို့ လာသောအခါ "ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ပါ၏၊"ဟု ဆိုကြ၏၊ ကေန်ပင် သူတို့သည် ဖုံးကွယ်ခြင်းဖြင့် ဝင်ချီ ထွက်ချီ ပြုကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့ ထိန်ဝှက်လေ့ရှိသည်များကို အသိဆုံးဖြစ်တော်မူ၏။

၆၂။ وَتَرَى كَثِيرًا مِّنْهُمْ يُسَارِعُونَ فِي الإِثْمِ وَالْعُدْوَانِ وَأَكْلِهِمُ السُّحْتَ لَبِئْسَ مَا كَانُواْ يَعْمَلُونَ۞

သူတို့အနက်မှ များစွာတို့သည် ပြစ်မှု၊ စည်းဖေါက်မှုနှင့် တားမြစ်သည်ကို စားသုံးမှုများ၌ အလျှင်လိုနေကြသည်ကို သင်မြင်ရလတ္တံ့၊ သူတို့သည် အမင်္ဂလာကိုသာ ကျင့်ကြံလေ့ရှိ၏။

၆၃။ لَوْلاَ يَنْهَاهُمُ الرَّبَّانِيُّونَ وَالأَحْبَارُ عَن قَوْلِهِمُ الإِثْمَ وَأَكْلِهِمُ السُّحْتَ لَبِئْسَ مَا كَانُواْ يَصْنَعُونَ۞

ဆရာတော်များနှင့် ဓမ္မစရိယများသည်[၂၂၁] အကုသိုလ် စကား ပြောခြင်း၊ တားမြစ်ထားသည်ကို စားသုံးခြင်းများမှ အဘယ်ကြောင့် မဟန့်တားကြသနည်း၊ သူတို့သည် အမင်္ဂလာကိုသာ တည်ဆောက်လေ့ရှိ၏။

၆၄။ وَقَالَتِ الْيَهُودُ يَدُ اللّهِ مَغْلُولَةٌ غُلَّتْ أَيْدِيهِمْ وَلُعِنُواْ بِمَا قَالُواْ بَلْ يَدَاهُ مَبْسُوطَتَانِ يُنفِقُ كَيْفَ يَشَاء وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا وَأَلْقَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَاء إِلَى يَوْمِ الْقِيَامَةِ كُلَّمَا أَوْقَدُواْ نَارًا لِّلْحَرْبِ أَطْفَأَهَا اللّهُ وَيَسْعَوْنَ فِي الأَرْضِ فَسَادًا وَاللّهُ لاَ يُحِبُّ الْمُفْسِدِينَ۞

★၂း၂၆၄ ࿕ကျမ်းတော် ☆၂း၁၇၄

"ပရမတ်ဘုရားရှင်၏ လက်ကို ချုပ်ကိုင်ထား၏" [၂၂၂]ဟု ပြောကြသော ရေဝတီတို့၊ သူတို့၏ လက်များသည်သာ ချုပ်ကိုင်ခံထားရပြီ၊ ထိုပြောဆိုမှုကြောင့် မေတ္တာဝေးစေပြီ။ အမှန်မှာ အရှင်၏လက်တော်များသည် ဆန့်လျှက် မည်သို့ စံချိန်အလျှောက်★ ပေးကမ်းသုံးစွဲလျှက်ရှိ၏။ ထိုအပြင် ကံကြမ္မာရှင်မှ သင့်အား ချမှတ်ပေးရာကြောင့်࿕ သူတို့မှ အများစုသည် စည်းဖျက်မှု၊ ဖုံးကွယ်မှုများ တိုးပွားကြလိမ့်မည်။ သူတို့၏ကြား၌ စည်းဖေါက်မှု အာဃာတကို ရပ်တည်ရသော နေ့ထိတိုင်☆ ခင်းကျင်းထားတော်မူ၏။ သူတို့သည် စစ်ပွဲမီးလျှံကို မွှေးသည့်အခါတိုင်း ပရမတ်ဘုရားရှင်သည် ငြိမ်းစေတော်မူခဲ့ပြီ။ သူတို့သည် မြေကမ္ဘာ၌ အဖျက်လုပ်ရပ်ကို လုံးပန်းကြ၏၊ ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များအား နှစ်သက်တော် မမူချေ။

၆၅။ وَلَوْ أَنَّ أَهْلَ الْكِتَابِ آمَنُواْ وَاتَّقَوْاْ لَكَفَّرْنَا عَنْهُمْ سَيِّئَاتِهِمْ وَلأدْخَلْنَاهُمْ جَنَّاتِ النَّعِيمِ۞

ကျမ်းစာဝိုင်းသားများသည် ယုံကြည်၍ စည်းစောင့်ကြလေလျှင် သူတို့၏ အကုသိုလ်အား ဖုံးကွယ်၍ ဂုဏ်ရှိသော သုခဘုံများသို့ ဝင်ရလတ္တံ့။

၆၆။ وَلَوْ أَنَّهُمْ أَقَامُواْ التَّوْرَاةَ وَالإِنجِيلَ وَمَا أُنزِلَ إِلَيهِم مِّن رَّبِّهِمْ لأكَلُواْ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِم مِّنْهُمْ

---

(၂၂၁) ဤသုတ်တော်မှ **ဆရာတော်များ**ဟု ဘာသာပြန်သော **ရဗ်ဗားနီယူးန** ဆိုသည်မှာ ဂျူးဘာသာစကား ရဗ်ဘိုင် (ဘုန်းတော်ကြီး)၏ အများပြ ဖြစ်၍။ **အဟ်ဘာရ်ရု** ဆိုသည်မှာ ဘာသာရေး ပညာရှင်များ (ဓမ္မစရိယများ)ကို ခေါ်ပေသည်။

(၂၂၂) ယုံကြည်သူများသည် သူတို့လောက် မကြွယ်ဝ မပြည့်စုံသောကြောင့် ယုံကြည်သူများ ကိုးကွယ်သည့် ဘုရားသည် ပေးကမ်းခြင်း မရှိဟု သရော် ပြောင်လှောင်ခြင်း ဖြစ်သည်။ ဤသို့ ပြောင်လှောင်ခြင်းကို ၃း၁၈၀ တွင်လည်း ဖေါ်ပြပေသည်။

| | |
|---|---|
| ၃း၃ | أُمَّةٌ مُّقْتَصِدَةٌ وَكَثِيرٌ مِّنْهُمْ سَاء مَا يَعْمَلُونَ۞<br>သူတို့သည် တိုရာဟ်၊ ဇေဝဂလိနှင့် သူတို့ထံသို့ ကံကြမ္မာရှင် ချမှတ်ပေးရာများ၌ ရပ်တည်ကြလျှင် သူတို့၏ အပေါ်မှ၊ ခြေများအောက်မှ စားစရာများရှိလတ္တံ့၊[၃၃၃] သူတို့အနက် အလယ်အလတ်ကျသော အသိုင်းအဝိုင်းသည် ရှိ၏။ သို့သော် အများစုမှာ အကုသိုလ်မှုကိုသာ ကျင့်ကြံနေကြ၏။[၃၃၄] |
| ၆၇။<br><br>☆ အို မုဟမ္မဒ် | يَا أَيُّهَا الرَّسُولُ بَلِّغْ مَا أُنزِلَ إِلَيْكَ مِن رَّبِّكَ وَإِن لَّمْ تَفْعَلْ فَمَا بَلَّغْتَ رِسَالَتَهُ وَاللّهُ يَعْصِمُكَ مِنَ النَّاسِ إِنَّ اللّهَ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞<br>အို ဉာဏ်စဉ်တော်ဆောင်၊☆ သင့်ကံကြမ္မာရှင်၏ထံမှ သင့်ထံသို့ ချမှတ်ပေးရာကို ဆိုက်ရောက်စေလော့၊ အကယ်၍ မပြုလုပ်ခဲ့လျှင် အရှင်၏ စေပို့ချက်များကို မဆိုက်ရောက်စေခြင်း မည်၏။ လူသားမှကင်းရန် ပရမတ်ဘုရားရှင်သည် သင့်ဘက်မှ မားမားရပ်ပေးလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးတို့အား လမ်းညွှန်တော် မမူချေ။ |
| ၆၈။ | قُلْ يَا أَهْلَ الْكِتَابِ لَسْتُمْ عَلَى شَيْءٍ حَتَّىَ تُقِيمُواْ التَّوْرَاةَ وَالإِنجِيلَ وَمَا أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا فَلاَ تَأْسَ عَلَى الْقَوْمِ الْكَافِرِينَ۞<br>ဟောပြောလော့ "အို ကျမ်းစာဝိုင်းသားတို့ သင်တို့သည် တိုရာဟ်၊ ဇေဝဂလိနှင့် ကံကြမ္မာရှင်ထံမှ သင်တို့ထံ ချမှတ်ပေးရာများကို မရပ်တည်သ၍ သင်တို့သည် တစ်စုံတစ်ရာမှ မဟုတ်ချေ။"[၃၃၅] သူတို့အနက် များစွာမှာ ကံကြမ္မာရှင်မှ သင့်ထံသို့ ချမှတ်ပေးရာ၌ စည်းဖျက်ရန် ဖုံးကွယ်ရန်သာ တိုးပွားနေကြ၏၊ ဖုံးကွယ်သော လူမျိုးအတွက် သင်သည် ဝမ်းနည်းခြင်း မရှိနှင့်။ |
| ၆၉။<br><br>☆၂း၆၂ | إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَادُواْ وَالصَّابِؤُونَ وَالنَّصَارَى مَنْ آمَنَ بِاللّهِ وَالْيَوْمِ الآخِرِ وعَمِلَ صَالِحًا فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞<br>ယုံကြည်သောသူများ၊ ရေဝတီဖြစ်သူများ၊ ရေသန့်အယူရှိသူများ၊ ခရစ်ယာန်များမှ မည်သူမဆို ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလကို ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသူများအား ကြောက်ရွံ့ရစေမည်မဟုတ်၊ သောကရောက်ရစေမည်လည်း မဟုတ်ချေ။ |

(၃၃၃) "သူတို့၏ အထက်မှ ခြေများ အောက်မှ စားစရာများ ရှိလတ္တံ့" ဆိုသည်မှာ အာရ်ဗီစာ အသုံးအနှုန်းအရ တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်သည်။ ၎င်း၏ ဆိုလိုချက်မှာ ရုပ်ဝတ္ထု သဘောတရားအရ မိုးလေ ရာသီဥတုကောင်းမွန်၍ မြေဆီသြဇာ ကောင်းမွန်စေမည်ဟု လည်းကောင်း၊ အထက်မိဘ ဘိုးဘွားများ ထားခဲ့သော အမွေဥစ္စာများနှင့် နောင်လာ သားစဉ်မြေးဆက်တို့၏ ကြွယ်ဝမှုကိုလည်းကောင်း ဝင်္ကဝုတ္တိအလင်္ကာဖြင့် ဖော်ညွှန်းခြင်း ဖြစ်ပေသည်။ နာမ်ပိုင်းဆိုင်ရာ အားဖြင့် ရှေးယခင်က ချမှတ်ပေးသော ကျင့်စဉ်များနှင့် ၎င်းတို့ သားစဉ်မြေးဆက်ဖြစ်သည့် ကိုယ်တော်မုဟမ္မဒ်ထံ၌ ချမှတ်ပေးသော ကျင့်စဉ်များကို ရရှိစေမည်ဖြစ်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။

(၃၃၄) အစ္စလာမ်သာသနာသည် လူမျိုးစု တစ်ခုလုံးကို ရန်သူ၊ မကောင်းမှု ဒုစရိုက်ကျင့်သူ ဟူ၍ မည်သည့်အခါတွင်မှ မပြောပေ။ လူမျိုးတိုင်းတွင် လူကောင်း သူကောင်းများ ရှိနေကြောင်းကို အမြဲသတိပေးပေသည်။ ထိုကြောင့် နိုင်ငံရေးပရောဂ၊ စီးပွားရေးပရောဂနှင့် အခြားသော ပရောဂ အမျိုးမျိုးကြောင့် လူမျိုး တစ်မျိုးလုံးအား မုန်းတီးရမည် တော်လှန်ရမည် ဟု မည်သည့်အခါတွင်မှ မပြောဆိုပေ။

(၃၃၅) မိမိဘာသာတရား၏ အဓိက မူရင်းကျမ်းတော်များကို မလိုက်နာဘဲလျှက် မိမိစိတ်ကူးတွေ့ရာ စာတိုပေစများကိုသာ လိုက်နာကြပြီး ဘာသာတရားတစ်ခု၏ သာသနာဝင် ဖြစ်ကြောင်း ကြွေးကြော်ချက်ကို ကျမ်းတော်က ပယ်ချပေသည်။ ထိုသို့သော လူမျိုးကို "ဘာတစ်ခုမှ မဟုတ်"ဟု ဆိုလိုသည်မှာ မည်သည့် ဘာသာဝင်မှ မဟုတ်ဟု ယတိပြတ် ပြောထားပေသည်။

၇၀။ لَقَدْ أَخَذْنَا مِيثَاقَ بَنِي إِسْرَائِيلَ وَأَرْسَلْنَا إِلَيْهِمْ رُسُلاً كُلَّمَا جَاءهُمْ رَسُولٌ بِمَا لاَ تَهْوَى أَنْفُسُهُمْ فَرِيقًا
كَذَّبُواْ وَفَرِيقًا يَقْتُلُونَ ۞

★၆း၃၃ ငါသည် ဣသရေလ်လူမျိုးများထံမှ ပဋိညာဉ်ကို ရယူလျက် သူတို့ထံသို့ ဉာဏ်စဉ်တော်ဆောင်များကို စေစားပြီ၊★ ဉာဏ်စဉ်
☆၂း၆၁ တော်ဆောင် တစ်ပါးပါးသည် သူတို့၏ စရိုက် လိုဘ မကိုက်ညီရာဖြင့် ရောက်လာလေတိုင်း၊ သူတို့သည် တစ်ဖွဲ့ကို
ငြင်းဆန်ကြပြီး တစ်ဖွဲ့ကို လုပ်ကြံသတ်ဖြတ်ကြ၏။☆

၇၁။ وَحَسِبُواْ أَلاَّ تَكُونَ فِتْنَةٌ فَعَمُواْ وَصَمُّواْ ثُمَّ تَابَ اللّهُ عَلَيْهِمْ ثُمَّ عَمُواْ وَصَمُّواْ كَثِيرٌ مِّنْهُمْ وَاللّهُ بَصِيرٌ بِمَا
يَعْمَلُونَ ۞

သို့အတွက် စမ်းသပ်ခံရမည် မဟုတ်ဟု သူတို့ စဉ်းစားကြ၏၊ သူတို့အား အကန်း အပင်းများ ဖြစ်စေပြီ၊ တဖန် ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးတော်မူ၏၊ တဖန် သူတို့အနက်မှ များစွာသည် အကန်း အပင်းများ ဖြစ်ကြပြန်၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။

၇၂။ لَقَدْ كَفَرَ الَّذِينَ قَالُواْ إِنَّ اللّهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ وَقَالَ الْمَسِيحُ يَا بَنِي إِسْرَائِيلَ اعْبُدُواْ اللّهَ رَبِّي
وَرَبَّكُمْ إِنَّهُ مَن يُشْرِكْ بِاللّهِ فَقَدْ حَرَّمَ اللّهُ عَلَيهِ الْجَنَّةَ وَمَأْوَاهُ النَّارُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ ۞

☆၅း၁၇၊ "ပရမတ်ဘုရားရှင်သည် မာရိ၏သား ခရစ်တော်ပင် ဖြစ်၏"ဟု ဆိုသောသူသည် ဖိုးကွယ်သူဖြစ်၏။☆ ခရစ်တော်က★
★၃း၅၁ "အို–ဣသရေလ်လူမျိုးတို့ ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ မည်သူမဆို ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်အံ့ ပရမတ်ဘုရားရှင်က သူ့အတွက် သုခဘုံကို တားမြစ်ထား၏။ အပုမီးသည်သာ သူ့အတွက် ခိုလှုံရာ ဖြစ်၏၊ အမိုက်ကောင်များအတွက် ကူညီမည့်သူ မရှိချေ"ဟု ဆို၏။

၇၃။ لَّقَدْ كَفَرَ الَّذِينَ قَالُواْ إِنَّ اللّهَ ثَالِثُ ثَلاَثَةٍ وَمَا مِنْ إِلَـهٍ إِلاَّ إِلَـهٌ وَاحِدٌ وَإِن لَّمْ يَنتَهُواْ عَمَّا يَقُولُونَ لَيَمَسَّنَّ
الَّذِينَ كَفَرُواْ مِنْهُمْ عَذَابٌ أَلِيمٌ ۞

☆၄း၁၇၁ "ပရမတ်ဘုရားရှင်သည် သုံးပါးအနက် သုံးပါးမြောက် ဖြစ်၏"☆ဟု ဆိုသောသူသည် ဖိုးကွယ်သူဖြစ်၏၊ တစ်ပါးတည်းသော ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ၊ သူတို့၏ အပြောအဆိုများကို မရပ်စဲလျှင် သူတို့အနက် ဖိုးကွယ်သော သူများအား စူးနစ်သော ဝဋ်ကြွေးသည် ထိလတ္တံ့။

၇၄။ أَفَلاَ يَتُوبُونَ إِلَى اللّهِ وَيَسْتَغْفِرُونَهُ وَاللّهُ غَفُورٌ رَّحِيمٌ ۞

သူတို့သည် ပရမတ်ဘုရားရှင်ထံ၌ ခဝါချခြင်း လွတ်ငြိမ်းဆုပန်ခြင်းကို မပြုကြသလော၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၇၅။ مَّا الْمَسِيحُ ابْنُ مَرْيَمَ إِلاَّ رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ الرُّسُلُ وَأُمُّهُ صِدِّيقَةٌ كَانَا يَأْكُلاَنِ الطَّعَامَ انظُرْ كَيْفَ
نُبَيِّنُ لَهُمُ الآيَاتِ ثُمَّ انظُرْ أَنَّى يُؤْفَكُونَ ۞

မာရိ၏သား ယေရှု ခရစ်သည် ဉာဏ်စဉ်ဆောင် တစ်ပါးမျှသာ ဖြစ်၏၊ သူ့ ရှေ့အလျှင် ဉာဏ်စဉ်ဆောင်များလည်း
★ ၃း၁၄၄ ပရိနိဗ္ဗာန်ပြုခဲ့ရပြီ၊★ သူ၏ မိခင်သည် သမာဓိရှင် ဖြစ်၏၊ သူတို့နှစ်ဦးလုံး အစာ စားသုံးလေ့ရှိ၏၊[၃၃၆] ၎င်းတို့အား

---

(၃၃၆) ကုရ်အာန်ကျမ်းတော်သည် မည်သူ့ကိုမှ မစော်ကားပေ။ ကိုယ်တော်ယေရှုအား ဉာဏ်စဉ်ဆောင်ဟု ဆိုထားခြင်းသည်ပင် အစ္စလာမ်သာသနာက အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသော ကိုယ်တော်မုဟမ္မဒ်နှင့် အဆင့် အတူတူပင် ဖြစ်နေပေပြီ။ ထိုအပြင် မာရိအားလည်း သမာဓိရှင် ဖြစ်သည်ဆိုခြင်းမှာ မှတ်တမ်းတင် ဂုဏ်ပြုပေးထားခြင်း သက်သက်မျှ မဟုတ်ပေ၊ ထိုအတိုင်း ယုံကြည်လက်ခံရပေသည်။ သို့သော် နောက်လိုက် ဒကာ အပေါင်း၏ ပုဂ္ဂိုလ်ရေး အလွန်အကျူး တင်စားခြင်းကို ကျမ်းတော်က ပြတ်ပြတ်သားသား တားမြစ်ပေသည်။ ဤသုတ်တော်တွင် ကိုယ်တော် ယေရှုရော သူ၏မိခင် မာရိပါ အဟာရသိဒ္ဓိ ပြည့်နေသော၊ သူတို့ယုံကြည်သည့် နတ်သိကြား အဆင့်ရှိ လူသားများ၊ လူဘုရား လူတန်းစားများ မဟုတ်ကြောင်း၊ လူသားစင်စစ်များသာ ဖြစ်ကြောင်း "သူတို့နှစ်ဦးလုံး အစားအစာ စားသုံးရ၏"ဟု ရှင်းလင်းစွာ သွန်သင်ထားခြင်း

| | |
|---|---|
| | သုတ်ဒေသနာများအား မည်သို့ ရှင်းလင်းပြသည်ကို သင်ကြည့်လော့၊ တဖန် မည်သို့ လှည့်စားခံနေရကြောင်း သင်ကြည့်လော့။ |
| ၇၆။ | قُلْ أَتَعْبُدُونَ مِن دُونِ اللّهِ مَا لاَ يَمْلِكُ لَكُمْ ضَرًّا وَلاَ نَفْعًا وَاللّهُ هُوَ السَّمِيعُ الْعَلِيمُ۞<br>"ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့အား ကောင်းကျိုး ဆိုးကျိုးသက်ရန် သြဇာအာဏာ မရှိရာများကို ကိုးကွယ်ကြမည်လော၊"ဟု မေးမြန်းလော့၊ ပရမတ်ဘုရားရှင်–ထိုအရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။ |
| ၇၇။ | قُلْ يَا أَهْلَ الْكِتَابِ لاَ تَغْلُواْ فِي دِينِكُمْ غَيْرَ الْحَقِّ وَلاَ تَتَّبِعُواْ أَهْوَاء قَوْمٍ قَدْ ضَلُّواْ مِن قَبْلُ وَأَضَلُّواْ كَثِيرًا وَضَلُّواْ عَن سَوَاء السَّبِيلِ۞<br>ဟောပြောလော့ "အို ကျမ်းစာဝိုင်းသားတို့၊ သင်တို့၏ သာသနာအား သစ္စာမဲ့စွာ မချဲ့ထွင်ကြနှင့်၊ ရှေ့အလျှင်က လမ်းလွဲသွားသော၊ များစွာတို့ကို လမ်းလွဲစေသော၊ ပုံစံချပြီး လမ်းစဉ်မှ လွဲချော်သွားသော လူမျိုးတို့၏ လိုဘနောက်သို့ မလိုက်နာကြနှင့်၊" |
| ၇၈။ | لُعِنَ الَّذِينَ كَفَرُواْ مِن بَنِي إِسْرَائِيلَ عَلَى لِسَانِ دَاوُودَ وَعِيسَى ابْنِ مَرْيَمَ ذَلِكَ بِمَا عَصَوا وَّكَانُواْ يَعْتَدُونَ۞<br>ဂျူးလူမျိုးတို့အနက် ဖုံးကွယ်သော သူများသည် ဒါဝိဒ်နှင့် မာရိ၏သားယေရှုတို့၏[၃၃၇] နှုတ်လျှာမှ မေတ္တာမဲ့ခြင်းကို ခံရ၏၊ ယင်းမှာ အာခံမှုနှင့် စည်းဖေါက်လေ့ရှိမှုများကြောင့် ဖြစ်၏။ |
| ၇၉။ | كَانُواْ لاَ يَتَنَاهَوْنَ عَن مُّنكَرٍ فَعَلُوهُ لَبِئْسَ مَا كَانُواْ يَفْعَلُونَ۞<br>သူတို့သည် သူစိမ်းဆန်သည့် ပြုလုပ်ခြင်းကို ဟန့်တားလေ့ မရှိ၊ အမင်္ဂလာကိုသာ ပြုလုပ်လေ့ရှိကြ၏။ |
| ၈၀။ | تَرَى كَثِيرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِينَ كَفَرُواْ لَبِئْسَ مَا قَدَّمَتْ لَهُمْ أَنفُسُهُمْ أَن سَخِطَ اللّهُ عَلَيْهِمْ وَفِي الْعَذَابِ هُمْ خَالِدُونَ۞<br>သူတို့အနက် များစွာသည် ဘက်လှည့်သွားသော ဖုံးကွယ်သောသူများ ဖြစ်ကြကြောင်း သင်မြင်တွေ့ရလိမ့်မည်။ သူတို့၏ စရိုက်သည် အမင်္ဂလာ၌ စုံရပ်ခံကြ၏။ ပရမတ်ဘုရားရှင်က သူတို့အား အမျက်တော်ရှ၏၊ သူတို့သည် ဝင့်ကြွေးထဲ၌ ကာလမဲ့ ခံစားရမည်ပင်။ |
| ၈၁။ | وَلَوْ كَانُوا يُؤْمِنُونَ بِالله والنَّبِيِّ وَمَا أُنزِلَ إِلَيْهِ مَا اتَّخَذُوهُمْ أَوْلِيَاء وَلَـكِنَّ كَثِيرًا مِّنْهُمْ فَاسِقُونَ۞<br>အကယ်၍ သူတို့သည် ပရမတ်ဘုရားရှင်၊ သတင်းတော်ဆောင်နှင့် သူ့ထံ၌ ချမှတ်ပေးရာကို ယုံကြည်ခြင်း ရှိလျှင် ထိုသူတို့အား မဟာမိတ်များ အဖြစ် ယူမှတ်မည် မဟုတ်ချေ။ သို့ရာတွင် သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ် |

---

ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည်လည်း အစားအစာ စားရန် မလိုသော ခန္ဓာကိုယ်ဖြင့် ကောင်းကင်ယံ၌ လောကီအသက်ဖြင့် ရှိနေသည် ဆိုခြင်းကို ဤသုတ်တော် အရ အစ္စလာမ် သာသနာက လက်မခံပေ။

(၃၃၇) ဤသုတ်တော်တွင် မာရိ၏သား ယေရှု (၃း၄၅ တွင်ကြည့်ပါ) နှင့် ဒါဝိဒ်မင်းကြီးကို ပူးတွဲဖေါ်ပြခြင်းမှာ ဂျူးလူမျိုးများ အနေဖြင့် ဒါဝိဒ် မင်းကြီး၏ အဆက်အနွယ်မှ ပရော်ဖက်တစ်ပါး ပွင့်ပေါ်မည်ဟု ယုံကြည်ထားကြပြီး (ယေရှာယ ၇း၁၄)၊ ခရစ်ယာန်များကလည်း ယေရှုခရစ်သည် ဒါဝိဒ်မင်းကြီး၏ အမြစ်အနွယ်ဖြစ်သည်ဟု ချွင်းချက်မရှိ လက်ခံထားသောကြောင့် ဖြစ်ပေသည် (ရောမ ၁း၃၊ ဗျာဒိတ်ကျမ်း ၂၂း၂၆)။ ဤသုတ်တော် သည် ယေရှု၌ လူသားဖခင် ရှိကြောင်းကို ပြဆိုသော သက်သေများအနက် သက်သေ တစ်ရပ်ပင် ဖြစ်သည်၊ ယေရှုသည် ဒါဝိဒ်မင်းကြီးနှင့် အမျိုး တော်စပ်ရန်မှာ သမ္မာကျမ်းစာအရ မိခင်မာရိဘက်မှ မည်သို့မှ ဆက်စပ်မှု မရှိပေ။ သမ္မာကျမ်းစာတွင် ယေရှု၏ မိခင်မာရိကို အမည်နာမအားဖြင့် ၃၂ ကြိမ် ဖေါ်ပြထားပြီး သူမသည် ဒါဝိဒ်မင်းကြီးနှင့် အမျိုးတော်စပ်သည်ဟု ဖေါ်ပြခြင်း လုံးဝ မရှိပေ။ သူမ၏ ခင်ပွန်း ယောသပ်သည်သာ ဒါဝိဒ် မင်းကြီး နှင့် အမျိုးတော်ကြောင်း မဿဲ ၁း၂၀၊ လုကာ ၁း၂၇ တွင် ထင်ရှားစွာ ပြောထားပေသည်။ မာရိသည် ယောသပ်နှင့် ထိမ်းမြားသောကြောင့်သာ ဒါဝိဒ်မင်းကြီး၏ အမျိုးအနွယ်နှင့် ပတ်သက်ခွင့်ရကြောင်း တွေ့ရပေသည်။ ကိုယ်တော် ယေရှုသည် ယောသပ်၏ သားအရင်း မဟုတ်လျှင် ဒါဝိဒ် မင်းကြီးနှင့် အမျိုးရင်း တော်စပ်ရန် မည်သို့မှ မဖြစ်နိုင်ပေ။ (၆း၈၈ တွင် ဆက်ကြည့်ပါ)။

| | |
|---|---|
| | ကြ၏။ |
| ၈၂။ | لَتَجِدَنَّ أَشَدَّ النَّاسِ عَدَاوَةً لِّلَّذِينَ آمَنُواْ الْيَهُودَ وَالَّذِينَ أَشْرَكُواْ وَلَتَجِدَنَّ أَقْرَبَهُمْ مَّوَدَّةً لِّلَّذِينَ آمَنُواْ الَّذِينَ قَالُوَاْ إِنَّا نَصَارَى ذَلِكَ بِأَنَّ مِنْهُمْ قِسِّيسِينَ وَرُهْبَانًا وَأَنَّهُمْ لاَ يَسْتَكْبِرُونَ۞<br>ယုံကြည်သောသူများအပေါ် အပြင်းထန်ဆုံး စည်းဖေါက်သည့် လူသားများမှာ ရေဝတီများနှင့် ရောပြွန်းကိုးကွယ်သော သူများ ဖြစ်သည်ကို သင်တွေ့ရလတ္တံ့၊ ယုံကြည်သော သူများအပေါ် အနီးဆုံး လိုလားသူများမှာ "ကျွန်ုပ်တို့သည် ခရစ်ယာန်များပင်၊" ဟု ဆိုသော သူများကို တွေ့ရလတ္တံ့၊ ယင်းမှာ သူတို့၌ ရှိသော ပညာတတ်များနှင့်[၃၃၈] ဘုန်းတော်ကြီးများကြောင့် ဖြစ်၏။ သူတို့သည် မာနထောင်လွှားခြင်း မရှိကြချေ– |
| ၈၃။ | وَإِذَا سَمِعُواْ مَا أُنزِلَ إِلَى الرَّسُولِ تَرَى أَعْيُنَهُمْ تَفِيضُ مِنَ الدَّمْعِ مِمَّا عَرَفُواْ مِنَ الْحَقِّ يَقُولُونَ رَبَّنَا آمَنَّا فَاكْتُبْنَا مَعَ الشَّاهِدِينَ۞<br>ဉာဏ်စဉ်ဆောင်အား ချမှတ်ပေးရာကို ကြားနာရသောအခါ သစ္စာတရား ဖြစ်သည်ဟု သိမှတ်လျှက် မျက်လုံးများမှ မျက်ရည်များ ပြည့်လျှံလာသည်ကို သင် မြင်ရလိမ့်မည်။ သူတို့ ဆုတောင်းသည်မှာ "အို ကံကြမ္မာရှင် တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့အား သက်သေတည်သူများနှင့်အတူ မှတ်တမ်းတင်တော်မူပါ၊– |
| ၈၄။ | وَمَا لَنَا لاَ نُؤْمِنُ بِاللّهِ وَمَا جَاءنَا مِنَ الْحَقِّ وَنَطْمَعُ أَن يُدْخِلَنَا رَبَّنَا مَعَ الْقَوْمِ الصَّالِحِينَ۞<br>သစ္စာတရားမှ တပည့်တော်တို့ထံ ရောက်လာသည့် အရာနှင့် ပရမတ်ဘုရားရှင်အား တပည့်တော်တို့ မယုံကြည်နိုင်ရန် မရှိပါ၊ အို ကံကြမ္မာရှင်၊ တပည့်တော်တို့အား ပြုပြင်သော လူမျိုးနှင့်အတူ ဝင်ခွင့်ရရန် မျှော်လင့်ပါ၏။" ဟု ဖြစ်၏။ |
| ၈၅။ | فَأَثَابَهُمُ اللّهُ بِمَا قَالُواْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ جَزَاء الْمُحْسِنِينَ۞<br>ထိုရင့်ကျူးမှုများကြောင့် ပရမတ်ဘုရားရှင်သည် ကာလမဲ့ခံစားစေရန် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများကို သူတို့၏ အကျိုးဆက် ဖြစ်စေပြီ။ ဤသည် သုမင်္ဂလာပြုသူတို့ အတွက် အစားပေးခြင်းဖြစ်၏။ |
| ၈၆။ | وَالَّذِينَ كَفَرُواْ وَكَذَّبُواْ بِآيَاتِنَا أُوْلَـئِكَ أَصْحَابُ الْجَحِيمِ۞<br>ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်သောသူများ၊ ငြင်းဆန်သူများ–ထိုသူများသည် ငရဲမီး၏ ပေါင်းဖေါ်များ ဖြစ်ကြ၏။ |
| ၈၇။ | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُحَرِّمُواْ طَيِّبَاتِ مَا أَحَلَّ اللّهُ لَكُمْ وَلاَ تَعْتَدُواْ إِنَّ اللّهَ لاَ يُحِبُّ الْمُعْتَدِينَ۞<br>အို ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်က သင်တို့အတွက် တရားဝင်ပြုထားသည့် စင်ကြယ်ရာများကို မတားမြစ်နှင့်၊ စည်းမဖေါက်ကြနှင့်၊ ကေနပ်ပင် ပရမတ်ဘုရားရှင်သည် စည်းဖေါက်သူများကို နှစ်သက်တော်မမူချေ။ |
| ၈၈။ | وَكُلُواْ مِمَّا رَزَقَكُمُ اللّهُ حَلاَلاً طَيِّبًا وَاتَّقُواْ اللّهَ الَّذِيَ أَنتُم بِهِ مُؤْمِنُونَ۞<br>ပရမတ်ဘုရားရှင်က သင်တို့အတွက် တရားဝင်ပြုသော စင်ကြယ်ရာ ရိက္ခာများကို စားသုံးကြလော့၊ သင်တို့သည် ယုံကြည်မှု၌ ရှိသူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့၊ |
| ၈၉။ | لاَ يُؤَاخِذُكُمُ اللّهُ بِاللَّغْوِ فِي أَيْمَانِكُمْ وَلَكِن يُؤَاخِذُكُم بِمَا عَقَّدتُّمُ الأَيْمَانَ فَكَفَّارَتُهُ إِطْعَامُ عَشَرَةِ مَسَاكِينَ مِنْ أَوْسَطِ مَا تُطْعِمُونَ أَهْلِيكُمْ أَوْ كِسْوَتُهُمْ أَوْ تَحْرِيرُ رَقَبَةٍ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلاَثَةِ أَيَّامٍ ذَلِكَ كَفَّارَةُ أَيْمَانِكُمْ إِذَا حَلَفْتُمْ وَاحْفَظُواْ أَيْمَانَكُمْ كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَشْكُرُونَ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့၏ ပွစိပွစိ အားစိုက်မှုအတွက် အရေးယူမည် မဟုတ်ချေ။ သို့သော် ကတိထုံးဖွဲ့ |

(၃၃၈) **قِسِّيس ကိဿီးဆေ့ဆ်** ဆိုသည်မှာ ညဥ့်ယံ၌ တရားဘာဝနာ အားထုတ်သော သူတော်ကောင်း ပညာတတ်များကို ခေါ်ပေသည်။

| | |
|---|---|
| | အာစိုက်မှုများကို အရေးယူတော်မူမည်။ ထိုအတွက် ပလပ်ခွင့်မှာ သင်တို့၏ အိမ်သားများကို ကျွေးမွေးသည့် တန်းတူနွမ်းပါးသူ ဆယ်ဦးကို ကျွေးမွေးရမည်။ သို့မဟုတ် ဆင်ယင်ပေးရမည်။ သို့မဟုတ် ကျွန်တစ်ဦးကို လွှတ်ပေးရမည်။ ထိုသို့ ကိုယ်တွေ့မဖြစ်နိုင်သူသည် ဥပုသ် သုံးရက် စောင့်တည်ရမည်။ ဤသည် အားသန်စွာတိုင်တည် ထားစဉ် ထိုအားစိုက်မှု အတွက် ပလပ်ခွင့်စေခြင်းပင်။ သင်တို့၏ တိုင်တည်မှုကို စောင့်ထိန်းကြလော့။ ဤသည်တို့မှာ ပရမတ်ဘုရားရှင်က သင်တို့ ကျေးဇူးသိတတ်အံ့ငှာ သင်တို့အတွက် သုတ်ဒေသနာများကို ရှင်လင်းချက်ပင် ဖြစ်၏။ |
| ၉၀။<br><br>★၅း၃ | **يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالأَنصَابُ وَالأَزْلاَمُ رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ فَاجْتَنِبُوهُ لَعَلَّكُمْ تُفْلِحُونَ** ۝<br>အို ယုံကြည်သောသူတို့– ယစ်မူးခြင်း၊ လောင်းကစားခြင်း၊ အကိုးထိုးခြင်း၊★ ကံစမ်းမြှားပစ်ခြင်းများသည် မကောင်းဆိုးဝါး၏ ကျင့်ကြံမှု အညစ်အကြေးများ ဖြစ်၏။ သင်တို့ အောင်မြင်ပေါက်မြောက်အံ့ငှာ ၎င်းတို့မှ ကင်းသန့်ကြလော့။ |
| ၉၀။<br><br>၂း၂၁၉<br>☆ ၂း၃ | **إِنَّمَا يُرِيدُ الشَّيْطَانُ أَن يُوقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَاء فِي الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَن ذِكْرِ اللّهِ وَعَنِ الصَّلاَةِ فَهَلْ أَنتُم مُّنتَهُونَ** ۝<br>မကောင်းဆိုးဝါးသည် မူးယစ်သေစာ၊ လောင်းကစားတို့၌ သင်တို့ချင်းကြား စည်းဖေါက်မှုနှင့် အာဃာတ တည်တံ့စေရန်သာ လိုလား၏။ ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ခြင်း မေတ္တာဓိဋ္ဌာန်ပြုခြင်းများကို☆ ဖယ်ခိုင်း၏။ သင်တို့သည် ချင့်ချိန်သူများ ဖြစ်ကြမည်လော။ |
| ၉၂။<br><br>ရှင်းလင်းချက် | **وَأَطِيعُواْ اللّهَ وَأَطِيعُواْ الرَّسُولَ وَاحْذَرُواْ فَإِن تَوَلَّيْتُمْ فَاعْلَمُواْ أَنَّمَا عَلَى رَسُولِنَا الْبَلاَغُ الْمُبِينُ** ۝<br>ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ အမြဲသတိရှိကြလော့၊ အကယ်၍ သင်တို့ လှည့်သွားကြလျှင် သိကြကုန်လော့ ငါ့ ဉာဏ်စဉ်ဆောင်၏ ဝန်တာမှာ **ဓမ္မ**ကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။ |
| ၉၃။ | **لَيْسَ عَلَى الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ جُنَاحٌ فِيمَا طَعِمُواْ إِذَا مَا اتَّقَواْ وَّآمَنُواْ وَعَمِلُواْ الصَّالِحَاتِ ثُمَّ اتَّقَواْ وَّآمَنُواْ ثُمَّ اتَّقَواْ وَّأَحْسَنُواْ وَاللّهُ يُحِبُّ الْمُحْسِنِينَ** ۝<br>စားမိခဲ့သည်များကြောင့် ယုံကြည်လျှက် ပြုပြင်မှု ကျင့်ကြံသောသူများ အပေါ်၌ အပြစ်မရှိပေ၊ စည်းစောင့်ယုံကြည်သောအခါ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံကြလော့၊ တဖန် စည်းစောင့် ယုံကြည်ကြလော့၊ တဖန် စည်းစောင့်၍ သုမင်္ဂလာပြုကြလော့၊ ပရမတ်ဘုရားရှင်သည် သုမင်္ဂလာပြုသူများကို နှစ်သက်တော်မူ၏။ |
| ၉၄။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لَيَبْلُوَنَّكُمُ اللّهُ بِشَيْءٍ مِّنَ الصَّيْدِ تَنَالُهُ أَيْدِيكُمْ وَرِمَاحُكُمْ لِيَعْلَمَ اللّهُ مَن يَخَافُهُ بِالْغَيْبِ فَمَنِ اعْتَدَى بَعْدَ ذَلِكَ فَلَهُ عَذَابٌ أَلِيمٌ** ۝<br>အို ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား မည်သူက စက္ခုလွန်၍ ကြောက်ရွံ့ရိုကျိုးမှုရှိသည်ကို သိစေအံ့ငှာ ပရမတ်ဘုရားရှင်သည် သင်တို့၏ လက်များ သို့မဟုတ် ကရိယာများဖြင့် ဖမ်းဆီးရမိသော အမဲများ စသောအရာများဖြင့် စုံစမ်းတော်မူမည်။ ဤနောက်တွင်မှ စည်းဖေါက်သော မည်သူ့အတွက်မဆို စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၉၅။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقْتُلُواْ الصَّيْدَ وَأَنتُمْ حُرُمٌ وَمَن قَتَلَهُ مِنكُم مُّتَعَمِّدًا فَجَزَاء مِّثْلُ مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهِ ذَوَا عَدْلٍ مِّنكُمْ هَدْيًا بَالِغَ الْكَعْبَةِ أَوْ كَفَّارَةٌ طَعَامُ مَسَاكِينَ أَو عَدْلُ ذَلِكَ صِيَامًا لِّيَذُوقَ وَبَالَ** |

| | |
|---|---|
| ☆၅း၁ | أَمْرِهِ عَفَا اللّهُ عَمَّا سَلَف وَمَنْ عَادَ فَيَنتَقِمُ اللّهُ مِنْهُ وَاللّهُ عَزِيزٌ ذُو انْتِقَامٍ۞<br>အို ယုံကြည်သောသူတို့၊ သင်တို့သည် သက်န်းဝတ်ရုံထားစဉ် အမဲလိုက် သတ်ဖြတ်မှု မပြုကြနှင့်၊☆ သင်တို့အနက် မဏ္ဍိုင်ထား၍ သတ်ဖြတ်သူသည် သတ်မိသည်နှင့် ညီမျှသော ခွာကွဲစားမြုံ့ပြန် တိရိစ္ဆာန်များကို အစားပေးရမည်။၃၃၉ ထိုအမှုကို သင်တို့မှ တန်းတူစိတ်ရှိသူ နှစ်ဦးက စီရင်ထုံးပြု၍ ကာအ်ဘာကျောင်းတော်သို့ အလှူဝတ္ထုအဖြစ် ဆိုက်ရောက်စေရမည်။ သို့မဟုတ် နွမ်းပါးသူတို့အား ကျွေးမွေးခြင်းဖြင့် ပလပ်စေရမည်။ သို့မဟုတ် ထိုနှင့်အညီ ဥပုသ်စောင့်တည်ရမည်။ ယင်းသည် သူ့အစီအမံ၏ အကျိုးဆက်ကို သူ မြည်းစမ်းရခြင်းပင်။ ပရမတ်ဘုရားရှင်သည် အတိတ်ဖြစ်ရပ်များကို ကျေအေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် ဆက်လုပ်သူအား တန်ပြန်စေတော်မူမည်၊ ပရမတ် ဘုရားရှင်သည် ဘုန်းတော်အရှင် တန်ပြန်စေသော အရှင် ဖြစ်၏။ |
| ၉၆။ | أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا وَاتَّقُواْ اللّهَ الَّذِيَ إِلَيْهِ تُحْشَرُونَ۞<br>သင်တို့နှင့် ခရီးသည်တို့၏ ချမ်းမြေ့အံ့ငှာ ရေသတ္တဝါများကို တံငါလုပ် စားခြင်းသည် သင်တို့အတွက် တရားဝင်၏၊ သက်န်းဝတ်ရုံထားသမျှ ကုန်းမြေတွင် အမဲလိုက်ခြင်းကို တားမြစ်တော်မူပြီ၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်ထံ၌သာ စုစည်းခံရမည်သာတည်း။ |
| ၉၇။<br>★၂း၁၉၇<br>☆၅း၂ | جَعَلَ اللّهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيَامًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلاَئِدَ ذَلِكَ لِتَعْلَمُواْ أَنَّ اللّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَأَنَّ اللّهَ بِكُلِّ شَيْءٍ عَلِيمٌ۞<br>ပရမတ်ဘုရားရှင်သည် လူသားတို့အတွက် ရပ်တည်ရန် ဘေးမဲ့ ကျောင်းတော်အဖြစ် ကာအ်ဘာ၊၃၄၀ ဘေးမဲ့လများ၊★ အလှူဝတ္ထုများ၊ ပန်းကုံးများကို☆ စီစဉ်တော်မူ၏။ ယင်းမှာ ပရမတ်ဘုရားရှင်သည် မိုးများအတွင်း မြေအတွင်း ရှိနေသည်များကို သိနေတော်မူကြောင်း သင်တို့ သိကြစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေသော အရှင် ဖြစ်၏၊ |
| ၉၈။ | اعْلَمُواْ أَنَّ اللّهَ شَدِيدُ الْعِقَابِ وَأَنَّ اللّهَ غَفُورٌ رَّحِيمٌ۞<br>သိကြလော့၊ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ချုပ်ကိုင်သောအရှင်၊ လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၉၉။<br>သတင်း<br>ပေးရန် | مَّا عَلَى الرَّسُولِ إِلاَّ الْبَلاَغُ وَاللّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ۞<br>ဉာဏ်စဉ်ဆောင်၌ ဝန်တာမှာ– ပရမတ်ဘုရားရှင်သည် ဖွင့်ဟရာများ၊ ထိန်ဝှက်ရာများကို သိနေတော်မူကြောင်း ဆိုက်ရောက်စေရန်သာ ဖြစ်၏။ |

---

(၃၃၉) အစ္စလာမ်ဘာသာ၌ သက်သတ်လွတ်စားရန် တိုက်တွန်းထားသော သွန်သင်ချက်များ မရှိပေ။ သက်သတ်လွတ် စားသူများအား ပြစ်တင်ပုတ်ခတ် ခြင်းလည်း မရှိပေ။ လူသား၌ လိုအပ်သော အစားအဟာရများမှ ကျန်မာသန့်စင်သော အရာများကို ခွင့်ပြုထားပေသည်။ သို့သော် သတ္တဝါများအား အချိန်အခါရွေး လိုက်လံသတ်ဖြတ်ခြင်းကို တားမြစ်ပေသည်။ အထူးသဖြင့် ဤသုတ်တော်သည် တောရိုင်းတိရိစ္ဆာန် ကာကွယ် စောင့်ရှောက်ရေးကို သွန်သင်ခြင်း ဖြစ်သည်။ ကံဆောင်ပရိဝုဒ်ပြုရန် ရည်ရွယ်၍ ခရီးသွားစဉ် လမ်းခရီး၌ အလွန်တရာ အရေးကြုံ၍ အသက် ဆက်ရန် တောတိရိစ္ဆာန်များကို အမဲလိုက်စားမိသည်မှ အပ၊ ရည်ရွယ်ချက်ဖြင့် အမဲလိုက်ခြင်းကို တားမြစ်သည့်အပြင် သတ်မိသော အမဲနှင့် အညီ အိမ်မွေး တိရိစ္ဆာန်ကို အစားပြန်ပေးရမည် ဖြစ်သည်။ ထိုစဉ်က ကာအ်ဘာကျောင်းတော်သည် လူအများ စုပေါင်းဆုံဆည်းရာ ထင်ရှားသော မြို့ပြဖြစ်၍ မြို့ပြ ပတ်ဝန်းကျင်၌ သဘာဝထိန်းသိမ်းမှုများ ပျောက်ကွယ် မသွားစေရန်လည်း ရည်ရွယ်ပေသည်။ ကျမ်းတော်သည် လူသား အပေါင်းတို့ အတွက် နမူနာ ယူနိုင်စေရန် သွန်သင်သောကြောင့် မည်သည့် မြို့ပြတည်ဆောက်မှုများကို မဆို တည်ဆောက်ရာ၌ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းထားမှုများလည်း မလုပ်မဖြစ် ပြုလုပ်ရမည့် တာဝန်ဖြစ်ကြောင်းကို သွန်သင်ခြင်း ဖြစ်ပေသည်။

(၃၄၀) ကျမ်းမြတ်ကုရ်အာန်တွင် မြင့်မြတ်သော ဌာန၊ ဗိမာန်အဖြစ် ကာအ်ဘာ ဝတ်ကျောင်းတော် တစ်ခုတည်းကိုသာ အသိအမှတ် ပြုပြောဆိုပေသည် အခြားသော ဝတ်ကျောင်းတော်များ ဌာနခွဲများ အဖြစ် သတ်မှတ်နိုင်သော်လည်း ကာအ်ဘာ ကျောင်းတော်ကဲ့သို့ မြင့်မြတ်သော ကျောင်းတော်အဖြစ် တတန်းတစားတည်း မမှတ်ယူသင့်ပေ။ ထိုသို့မှတ်ယူခြင်းကြောင့် အယူသည်းမှုများ ဖြစ်လာကာ နိုင်ငံရေး ပရောဂ၌ မွတ်ဆလင်များ နစ်မွန်းနေရသည်မှာ ငြင်းနိုင်ဘွယ် မရှိချေ။

| | |
|---|---|
| ၁၀၀။ | قُل لاَّ يَسْتَوِي الْخَبِيثُ وَالطَّيِّبُ وَلَوْ أَعْجَبَكَ كَثْرَةُ الْخَبِيثِ فَاتَّقُواْ اللّهَ يَا أُوْلِي الأَلْبَابِ لَعَلَّكُمْ تُفْلِحُونَ۞<br>ဟောပြောလော့ "မသန့်ပြန့်ရာများ ပေါများခြင်းကြောင့် သင့်အား အံ့သြစေလောက်သော်လည်း မသန့်ပြန့်ရာသည် စင်ကြယ်ရာနှင့် မတူညီချေ။ အို သဘောပေါက်နိုင်စွမ်း ရှိသူတို့– အောင်မြင်ပေါက်မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား သင်တို့ စည်းစောင့်ကြလော့။ |
| ၁၀၁။ | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَسْأَلُواْ عَنْ أَشْيَاء إِن تُبْدَ لَكُمْ تَسُؤْكُمْ وَإِن تَسْأَلُواْ عَنْهَا حِينَ يُنَزَّلُ الْقُرْآنُ تُبْدَ لَكُمْ عَفَا اللّهُ عَنْهَا وَاللّهُ غَفُورٌ حَلِيمٌ۞<br>အို ယုံကြည်သောသူတို့၊ သင်တို့အား ဖွင့်ပြောလိုက်လျှင် အကုသိုလ်သင့်နိုင်မည့် အရာများကို သင်တို့ မမေးကြကုန်နှင့်၊ သို့သော် ကုရ်အာန်ကို ချမှတ်ပေးနေစဉ်တွင် မေးမြန်းကြလျှင် သင်တို့အတွက် ဖေါ်ပြနိုင်၏။ ထို၌ ပရမတ်ဘုရားရှင်သည် ကျေအေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် နူးညံ့သိမ်မွေ့သောအရှင် ဖြစ်၏။ |
| ၁၀၂။ | قَدْ سَأَلَهَا قَوْمٌ مِّن قَبْلِكُمْ ثُمَّ أَصْبَحُواْ بِهَا كَافِرِينَ۞<br>မုချပင် သင်တို့၏ ရှေ့အလျှင် လူမျိုးသည်လည်း မေးမြန်းခဲ့ကြပြီ၊ ပြီးနောက်မှ ၎င်း၌ ဖုံးကွယ်သူများ ဖြစ်သွားခဲ့၏။ |
| ၁၀၃။ | مَا جَعَلَ اللّهُ مِن بَحِيرَةٍ وَلاَ سَآئِبَةٍ وَلاَ وَصِيلَةٍ وَلاَ حَامٍ وَلَكِنَّ الَّذِينَ كَفَرُواْ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ وَأَكْثَرُهُمْ لاَ يَعْقِلُونَ۞<br>ပရမတ်ဘုရားရှင်သည် **နို့ကိုး၊ အသက်ကိုး၊ အမနှစ်ကြိမ်မွေး၊ မျိုးစပ်သက်စေ့ ဘေးမဲ့ တိရိစ္ဆာန်**[၃၄၁] တို့ကို စီစဉ်တော်မမူချေ။ သို့သော် ဖုံးကွယ်သော သူတို့သည်ကား ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် လုပ်ကြံဖန်တီးကြကုန်၏။ သူတို့အနက် အများစုသည် အတွေးအခေါ် မရှိကြချေ။ |
| ၁၀၄။ | وَإِذَا قِيلَ لَهُمْ تَعَالَوْاْ إِلَى مَا أَنزَلَ اللّهُ وَإِلَى الرَّسُولِ قَالُواْ حَسْبُنَا مَا وَجَدْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ آبَاؤُهُمْ لاَ يَعْلَمُونَ شَيْئًا وَلاَ يَهْتَدُونَ۞<br>သူတို့အား "ပရမတ်ဘုရားရှင် ချမှတ်ပေးရာဘက်သို့၊ ဥဏ်စဉ်ဆောင်၏ ဘက်သို့ လာကြလော့"ဟု ပြောသောအခါ၊ "ကျွန်ုပ်တို့၏ မိရိုးဖလာ တွေ့ရှိမှုသည် ကျွန်ုပ်တို့အတွက် စရင်းချုပ်နေပြီ၊"ဟု ပြန်ပြောကြ၏။ သူတို့၏ ရှိရင်းစွဲ မိရိုးဖလာသည် အသိပညာ တစ်စုံတစ်ရာမျှ မရှိ၊ လမ်းညွှန်မှုလည်း မရှိခဲ့ချေ။ |
| ၁၀၅။ | يَا أَيُّهَا الَّذِينَ آمَنُواْ عَلَيْكُمْ أَنفُسَكُمْ لاَ يَضُرُّكُم مَّن ضَلَّ إِذَا اهْتَدَيْتُمْ إِلَى اللّهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞<br>အို ယုံကြည်သောသူတို့ သင်တို့၏ ဉာဉ်စရိုက်အတွက် သင်တို့၌သာ ဝတ္တရားရှိ၏။ သင်တို့သည် လမ်းညွှန်ခံနေရလျှင် လမ်းလွဲသူသည် သင်တို့အား မနစ်နာစေနိုင်ပေ၊ သင်တို့ အားလုံး ပရမတ်ဘုရားရှင်၏ထံသို့သာ အပြန်ခရီး ရှိ၏၊ သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့ရာတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။ |
| ၁၀၆။ | يِا أَيُّهَا الَّذِينَ آمَنُواْ شَهَادَةُ بَيْنِكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ حِينَ الْوَصِيَّةِ اثْنَانِ ذَوَا عَدْلٍ مِّنكُمْ أَوْ آخَرَانِ مِنْ غَيْرِكُمْ إِنْ أَنتُمْ ضَرَبْتُمْ فِي الأَرْضِ فَأَصَابَتْكُم مُّصِيبَةُ الْمَوْتِ تَحْبِسُونَهُمَا مِن بَعْدِ الصَّلاَةِ فَيُقْسِمَانِ |

(၃၄၁) ရိုးရာကိုးကွယ်သည့် ဆင်းတုများ အတွက် နို့ရည် လှူ၍ ကိုးထားသော တိရိစ္ဆာန်မများကို **ဗဟီရားဟ် (နို့ပင်လယ်)**။ ဇိဝိတ ဒါန ဘေးမဲ့ပေး ကိုးထားသော တိရိစ္ဆာန်များကို **ဆာအိဘတ်။** အမနှစ်ကြိမ် ဆက်တိုက်မွေး၍ ဘေးမဲ့ကပ်လှူထားသော တိရိစ္ဆာန်များကို **ဝဆွီးလဟ်၊** သတ်မှတ်သော အရေအတွက် ပြည့်အောင် မျိုးစပ်ပြီးဖြစ်၍ ဘေးမဲ့ကပ်လှူထားသော တိရိစ္ဆာန်အထီးများကို **ဟမ်း** (အပူကောင်) ဟု ခေါ်ပေသည်။ ထိုသို့ ရိုးရာ ပသမှုများကို ပရမတ်ဘုရားရှင်က ပညတ်ခြင်း မဟုတ်ကြောင်းကို ဤသုတ်တော်က ရှင်းလင်းတင်ပြခြင်း ဖြစ်ပေသည်။

بِاللّهِ إِنِ ارْتَبْتُمْ لاَ نَشْتَرِي بِهِ ثَمَنًا وَلَوْ كَانَ ذَا قُرْبَى وَلاَ نَكْتُمُ شَهَادَةَ اللّهِ إِنَّا إِذًا لَّمِنَ الآثِمِينَ۞

တိုင်း တပါး သို့ အို ယုံကြည်သောသူတို့၊ သင်တို့အနက် တစ်စုံတစ်ယောက်သည် ကွယ်လွန်ချိန် တန်လာ၍ သေတမ်းစာရေး
သောအခါ သင်တို့မှ တန်းတူစိတ်ရှိသူ နှစ်ဦးကို မျက်မှောက်သက်သေ အဖြစ်ထားရမည်။ သို့တည်းမဟုတ် **ကမ္ဘာမြေ၌**
☆၂း၃ ခရီးသွားနေစဉ် သေခြင်းကျရောက် ထိသက်လာလျှင် သင်တို့ မဟုတ်သောသူများထဲမှ ဖြစ်နိုင်သည်။ သူတို့အား
သံသယရှိကြလျှင် သူတို့အား မေတ္တာဓိဋ္ဌာန်ပြုပြီးသည်ထိ☆ ချုပ်ထိန်းထားပြီး ပရမတ်ဘုရားရှင်အား တိုင်တည်လျက်
“ဆွေမျိုး နီးစပ် ဖြစ်လင့်ကစား ၎င်းကို တန်ဘိုးဖြင့် မရောင်းစားပါ၊ ပရမတ်ဘုရားရှင်၏ သက်သေတည်စေသော
ပညတ်ကို မထိန်ဝှက်ပါ၊ ဤသို့ပြုခဲ့သော်၊ ကျွန်ုပ်တို့သည် အကုသိုလ်သင့်သူများမှ ဖြစ်ပါစေ၊”ဟု ကျိန်စေလော့။

၁၀၇။ فَإِنْ عُثِرَ عَلَى أَنَّهُمَا اسْتَحَقَّا إِثْمًا فَآخَرَانِ يِقُومَانُ مَقَامَهُمَا مِنَ الَّذِينَ اسْتَحَقَّ عَلَيْهِمُ الأَوْلَيَانِ
فَيُقْسِمَانِ بِاللّهِ لَشَهَادَتُنَا أَحَقُّ مِن شَهَادَتِهِمَا وَمَا اعْتَدَيْنَا إِنَّا إِذًا لَّمِنَ الظَّالِمِينَ۞

အကယ်၍ ထိုနှစ်ဦးသည် အပြစ်ရှိကြောင်း အမှန်ကို ရှာဖွေတွေ့ရှိစေလျှင်၊ ထိုရပ်တည်သူနှစ်ဦး အစား သူတို့အတွက်
အမှန်တရားကို ဘက်လှည့်သော နှစ်ဦးအား ရပ်တည်စေ၍ “ကျွန်ုပ်တို့၏ သက်သေခံချက်သည် ထိုနှစ်ဦး သက်သေခံ
ချက်ထက် ပို၍ မှန်ပါသည်၊ အကယ်၍ ကျွန်ုပ်တို့သည် စည်းဖေါက်ကြပါမူ၊ အမိုက်ကောင်များမှ ဖြစ်ကြပါစေ၊”ဟု
ပရမတ်ဘုရားရှင်ထံ တိုင်တည်စေလော့။

၁၀၈။ ذَلِكَ أَدْنَى أَن يَأْتُواْ بِالشَّهَادَةِ عَلَى وَجْهِهَا أَوْ يَخَافُواْ أَن تُرَدَّ أَيْمَانٌ بَعْدَ أَيْمَانِهِمْ وَاتَّقُوا اللّهَ وَاسْمَعُواْ
وَاللّهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ۞

ဤသည် မျက်နှာရသောစေ သက်သေခံချက်ကို ဆိုက်ရောက်စေရန် သို့မဟုတ် သူတို့၏ ကျိန်ဆိုပြီးနောက် ထပ်ဆင့်
ကျိန်ဆိုရခြင်းခံရခြင်းမှ စိုးကြောက်စေရန် အနီးစပ်ဆုံးပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ နာယူကြ
လော့၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော်မမူချေ။

၁၀၉။ يَوْمَ يَجْمَعُ اللّهُ الرُّسُلَ فَيَقُولُ مَاذَا أُجِبْتُمْ قَالُواْ لاَ عِلْمَ لَنَا إِنَّكَ أَنتَ عَلاَّمُ الْغُيُوبِ۞

ပရမတ်ဘုရားရှင်သည် ဥာဏ်စဉ်ဆောင်များအား စုပေါင်းစေသောနေ့၌ “မည်သို့ တုန့်ပြန်ခံရသနည်း၊”ဟု မေးသော်၊
“တပည့်တော်တို့သည် အသိပညာ မရှိပါ၊ အရှင်သည်သာ စကျွဲလွှန်များကို သိနေသော အရှင် ဖြစ်ပါ၏”ဟု လျှောက်
ကြလတ္တံ့။

၁၁၀။ إِذْ قَالَ اللّهُ يَا عِيسى ابْنَ مَرْيَمَ اذْكُرْ نِعْمَتِي عَلَيْكَ وَعَلَى وَالِدَتِكَ إِذْ أَيَّدتُّكَ بِرُوحِ الْقُدُسِ تُكَلِّمُ النَّاسَ
فِي الْمَهْدِ وَكَهْلاً وَإِذْ عَلَّمْتُكَ الْكِتَابَ وَالْحِكْمَةَ وَالتَّوْرَاةَ وَالإِنجِيلَ وَإِذْ تَخْلُقُ مِنَ الطِّينِ كَهَيْئَةِ الطَّيْرِ
بِإِذْنِي فَتَنفُخُ فِيهَا فَتَكُونُ طَيْرًا بِإِذْنِي وَتُبْرِىءُ الأَكْمَهَ وَالأَبْرَصَ بِإِذْنِي وَإِذْ تُخْرِجُ الْمَوتَى بِإِذْنِي وَإِذْ
كَفَفْتُ بَنِي إِسْرَائِيلَ عَنكَ إِذْ جِئْتَهُمْ بِالْبَيِّنَاتِ فَقَالَ الَّذِينَ كَفَرُواْ مِنْهُمْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ۞

☆၃း၄၅ ပရမတ်ဘုရားရှင်က “အို မာရိ၏သား ယေရှု ငါအရှင်က သင်နှင့် သင်၏ မွေးမိခင်အပေါ်၌ ဂုဏ်ပေးမှုကို သတိရကြ
★၂း၈၇ လော့၊☆ သင့်အား မြတ်သောဥာဏ်စဉ်အားဖြင့် ထောက်ပံ့ခဲ့ပြီ၊★ သင်သည် လူသားတို့အား ပုခက်တွင်းမှလည်း
❖ ၃း၄၆ ကောင်း၊ အရွယ်ရောက်သော်လည်းကောင်း စကားပြောစေ၏။❖ အသင့်အား ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် တိုရာဟ်၊
ဇေဝံဂလိများကို သင်ပေးတော်မူ၏၊ သင့်အား မြေမှ ငှက် ပုံစံချ ဖန်တီးလျှက် ငါ၏ ခွင့်ပြုချက်ဖြင့် သက်ဝင်စေလျှင်
၎င်းသည် ငါ၏ ခွင့်ပြုချက်ဖြင့် ငှက်ဖြစ်လာလိမ့်မည်။ ငါ၏ ခွင့်ပြုချက်ဖြင့် အကန်းနှင့် အနာကြီးရောဂါသည်တို့အား
✡၄း၄၉ ရောဂါ ကင်းစေနိုင်မည်၊ ငါ၏ ခွင့်ပြုချက်ဖြင့် သူသေများကို ပြန်လည် ထွန်းပေါက်စေ၏။✡ အသင်သည် ဂျူးလူမျိုး
တို့ထံသို့ ရှင်းလင်းချက်များကို ရောက်လာစေသောအခါ၊ သင့်ကို အန္တရာယ်ပေးခြင်းမှ သူတို့အား ထိန်းချုပ်ဟန့်တား
ထား၏၊”ဟု မိန့်သော်– သူတို့အနက် ဖုံးကွယ်သောသူများက “ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ

| | |
|---|---|
| | ဖြစ်၏၊''ဟု ပြောဆိုကြ၏။ |
| ၁၁၁။<br>☆၃း၅၂ | وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّينَ أَنْ آمِنُواْ بِي وَبِرَسُولِي قَالُوَاْ آمَنَّا وَاشْهَدْ بِأَنَّنَا مُسْلِمُونَ۞<br>ငါသည် ဝတ်ရုံဖြူများထံသို့☆ ''ငါအရှင်နှင့်၊ ငါ၏ ဥာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊''ဟု အာရုံပေးသော် ''တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့သည် သဓ္ဓိသုခဝါဒီများ အဖြစ် သက်သေဖြစ်ပါ၏''ဟု ပြန်ပြောကြ၏။ |
| ၁၁၂။ | إِذْ قَالَ الْحَوَارِيُّونَ يَا عِيسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيعُ رَبُّكَ أَن يُنَزِّلَ عَلَيْنَا مَآئِدَةً مِّنَ السَّمَاء قَالَ اتَّقُواْ اللّهَ إِن كُنتُم مُّؤْمِنِينَ۞<br>ဝတ်ရုံဖြူများက ''အို မာရိ၏သား ယေရှု၊ ကျွန်ုပ်တို့အတွက် စတုဒိသာကို[၄၂] သင်၏ ကံကြမ္မာရှင်က ကောင်းကင်ယံမှ ချမှတ်ပေးရန် တတ်နိုင်သလော၊''ဟု တောင်းဆိုသောအခါ၊ သူက ''အသင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊''ဟု ဟောပြော၏။ |
| ၁၁၃။ | قَالُواْ نُرِيدُ أَن نَّأْكُلَ مِنْهَا وَتَطْمَئِنَّ قُلُوبُنَا وَنَعْلَمَ أَن قَدْ صَدَقْتَنَا وَنَكُونَ عَلَيْهَا مِنَ الشَّاهِدِينَ۞<br>သူတို့က ''ကျွန်ုပ်တို့သည် ၎င်းမှ စားသုံးနိုင်ရန်၊ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ဘဝင်ကျနိုင်ရန်၊ အသင်သည် ဖြောင့်မှန်သည်ကို သိနိုင်စေရန်၊ ထိုအပေါ်၌ ကျွန်ုပ်တို့ သက်သေတည်သူများဖြစ်ရန် လိုလားကြ၏''ဟု ပြန်ပြောကြ၏။ |
| ၁၁၄။ | قَالَ عِيسَى ابْنُ مَرْيَمَ اللَّهُمَّ رَبَّنَا أَنزِلْ عَلَيْنَا مَآئِدَةً مِّنَ السَّمَاء تَكُونُ لَنَا عِيداً لِّأَوَّلِنَا وَآخِرِنَا وَآيَةً مِّنكَ وَارْزُقْنَا وَأَنتَ خَيْرُ الرَّازِقِينَ۞<br>မာရိ၏သား ယေရှုက ''အို ကံကြမ္မာရှင် ပရမတ်ဘုရားရှင်၊ တပည့်တော်တို့ အတွက် ကောင်းကင်ယံမှ စတုဒိသာကို ချမှတ်ပေးပါ၊ တပည့်တော်တို့အား တပည့်တော်တို့၏ ရှေ့လူ နောက်လူများ အတွက် အရှင့်ထံမှ နိမိတ်လက္ခဏာ ဆက်ဖြစ်စေတော်မူပါ၊ ရိက္ခာထောက်တော်မူပါ၊ အရှင်သည် အကောင်းဆုံး ရိက္ခာထောက်သည့် အရှင်ဖြစ်ပါ၏၊''ဟု ဆုပန်သော်– |
| ၁၁၅။ | قَالَ اللّهُ إِنِّي مُنَزِّلُهَا عَلَيْكُمْ فَمَن يَكْفُرْ بَعْدُ مِنكُمْ فَإِنِّي أُعَذِّبُهُ عَذَابًا لاَّ أُعَذِّبُهُ أَحَدًا مِّنَ الْعَالَمِينَ۞<br>ပရမတ်ဘုရားရှင်က ''ငါသည် သူတို့အပေါ်၌ ၎င်းကို ချပေးတော်မူပြီ၊ သို့နောက်မှ သင်တို့အနက်မှ ဖုံးကွယ်သူအား လောကခပ်သိမ်း၌ တစ်ဦးတစ်ယောက်ကိုမျှ မသင့်သည့်ဝင့်ကြွေးဖြင့် ဝင့်ကြွေးသင့်စေမည်၊''ဟု မိန့်လေ၏။ |
| ၁၁၆။ | وَإِذْ قَالَ اللّهُ يَا عِيسَى ابْنَ مَرْيَمَ أَأَنتَ قُلتَ لِلنَّاسِ اتَّخِذُونِي وَأُمِّيَ إِلَـهَيْنِ مِن دُونِ اللّهِ قَالَ سُبْحَانَكَ مَا يَكُونُ لِي أَنْ أَقُولَ مَا لَيْسَ لِي بِحَقٍّ إِن كُنتُ قُلْتُهُ فَقَدْ عَلِمْتَهُ تَعْلَمُ مَا فِي نَفْسِي وَلاَ أَعْلَمُ مَا فِي نَفْسِكَ إِنَّكَ أَنتَ عَلاَّمُ الْغُيُوبِ۞<br>ပရမတ်ဘုရားရှင်က မာရိ၏သား ယေရှုအား အသင်သည် လူသားတို့အား ''ပရမတ်ဘုရားရှင် မှလွဲ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်အား ဘုရားနှစ်ပါးအဖြစ် ယူမှတ်ရန် သင် ဟောသလော၊''ဟု မိန့်သောအခါ၊ သူ လျှောက်ထားသည်မှာ ''အရှင်အား ဦးထိပ်ထားပါ၏၊ အမှန်တရားမှ အပ တပည့်တော် မပြောသင့်သော မအပ်မရာကို မပြောပါ၊ အကယ်၍ ပြောခဲ့မိလျှင် အရှင် သိပြီးသား ဖြစ်ပါ၏၊ တပည့်တော်၏ ဥာဉ်ထဲ၌ ရှိသည်ကို အရှင် သိပါ၏၊ အရှင်၏ စရိုက်တော်အား တပည့်တော် မသိနိုင်ပါ၊ ကေန်ပင် အရှင်သည်သာ စက္ခုလွှန်များကို သိနေသော အရှင် ဖြစ်၏။– |

(၄၂) အာရ်ဗီဘာသာဖြင့် **မာအိဒဟ်** ဆိုသော ဤစကားလုံးသည် ကြီးကျယ်စွာ တည်ခင်းကျွေးမွေးသော စားပွဲကြီး ဟု ဖြစ်ပေသည်။ ဤ ဓမ္မခန္ဓာ၏ ခေါင်းစီး အမည်နာမကို ဤစကားလုံးဖြင့် အမည်ပေးထားပေသည်။ ဆိုလိုသည်မှာ လူသားအပေါင်း လွတ်လပ်ပျော်ရွှင်စွာ စားသုံးနိုင်သော စတုဒိသာ ပင် ဖြစ်ပေသည်။ စတုဒိသာအား ကောင်းကင်မှ ချပေးသည် ဆိုခြင်းမှာ အစားအသောက်များကို ကောင်းကင်မှ ချပေးခြင်းကို မဆိုလိုပေ၊ စတုဒိသာသည် မြင့်မြတ်သော အလှူဒါန ဖြစ်ကြောင်းနှင့် မိုလေဝသ ကောင်း၍ စာရေးရိက္ခာပေါများခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁၇။ | مَا قُلْتُ لَهُمْ إِلاَّ مَا أَمَرْتَنِي بِهِ أَنِ اعْبُدُواْ اللّهَ رَبِّي وَرَبَّكُمْ وَكُنتُ عَلَيْهِمْ شَهِيدًا مَّا دُمْتُ فِيهِمْ فَلَمَّا تَوَفَّيْتَنِي كُنتَ أَنتَ الرَّقِيبَ عَلَيْهِمْ وَأَنتَ عَلَى كُلِّ شَيْءٍ شَهِيدٌ۞<br>–ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန် တပည့်တော်အား ညွှန်ကြားသည်ကိုသာ သူတို့အား ဟောပြောပါ၏၊ တပည့်တော်သည် သူတို့နှင့်အတူ ရှိနေခဲ့သမျှ သူတို့အတွက် သက်သေဖြစ်ပါ၏။ တပည့်တော်အား သက်တမ်းကုန်စေသောအခါ၊ အရှင်သည် သူတို့အား စောင့်ကြည့်သော အရှင် ဖြစ်ပါ၏၊ အရှင်သည်သာ သဗ္ဗလုံးစုံအား အသိသက်သေဖြစ်ပါ၏–၃၄၃ |
| ၁၁၈။ | إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ۞<br>–သူတို့သည်ကား အရှင်၏ အမှုတော်ဆောင်များ ဖြစ်ကြ၏၊ အရှင်က သူတို့အား ဝဋ်ကြွေးသင့်စေနိုင်၏၊ လွတ်ငြိမ်းခွင့် ပေးနိုင်ပါ၏၊ ကေန်ပင် အရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူပါ၏” |
| ၁၁၉။ | قَالَ اللّهُ هَذَا يَوْمُ يَنفَعُ الصَّادِقِينَ صِدْقُهُمْ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا رَّضِيَ اللّهُ عَنْهُمْ وَرَضُواْ عَنْهُ ذَلِكَ الْفَوْزُ الْعَظِيمُ۞<br>ပရမတ်ဘုရားရှင် မိန့်တော်မူမည်မှာ “ဤသည်ကား ဖြောင့်မှန်သူများအတွက် ဖြောင့်မှန်သော အကျိုးရှိမည့်နေ့ပင်တည်း၊ သူတို့အဘို့ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများ ရှိ၏၊ ထိုဌ် ကာလမဲ့စံစားရမည်ပင်” ပရမတ်ဘုရားရှင်သည် သူတို့အား နှစ်မြို့တော်မူ၏၊ သူတို့ကလည်း ပရမတ်ဘုရားရှင်အား နှစ်မြို့ကြကုန်၏၊ ဤသည် မဟာ အောင်ပွဲ ဖြစ်၏။ |
| ၁၂၀။ | لِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا فِيهِنَّ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞<br>မိုးများမြေနှင့် ထိုနှစ်ခုတွင်ရှိရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ အာဏာ၌ ရှိ၏၊ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |

(၃၄၃) ဤသုတ်တော်တွင် ပြောဆိုသော “တပည့်တော်သည် သူတို့နှင့်အတူ ရှိနေခဲ့သမျှ သူတို့အတွက် သက်သေ ဖြစ်ပါ၏။ တပည့်တော်အား အနိစ္စဖြစ်စေသောအခါ၊ အရှင်သည် သူတို့အား ကာကွယ်သော အရှင် ဖြစ်ပါ၏၊” ဟူသည့် စကားက– ကိုယ်တော်ယေရှုသည် လောကီသက်တမ်း၌ အနိစ္စရောက်သွားပြီ ဖြစ်ကြောင်း အတိအကျ ပြောဆိုထားပေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ “သုံးပါးတစ်ဆူ” ဖြစ်တည်လာရသည့် အကြောင်းရင်းအား စီစစ်သော အခါ– ကိုယ်တော်ယေရှုမှ ဖြေကြားဟန် ဖြစ်သည်။ ကိုယ်တော်ယေရှု ကိုယ်တော်တိုင်က “တပည့်တော်သည် သူတို့နှင့် အတူ ရှိနေခဲ့သမျှ ခမည်းတော်၊ သားတော်၊ မယ်တော် ဟူ၍ တည်ထားကိုးကွယ်ရန် မသွန်သင်ခဲ့ကြောင်းနှင့် သူတို့လုပ်သမျှ အပေါ်၌ သက်သေဖြစ်ကြောင်း၊ တပည့်တော် သေဆုံးသွားပြီးနောက် ဖြစ်ပေါ်လာသော ကိစ္စများ အတွက် တပည့်တော် မသိရှိကြောင်း တပည့်တော် သေဆုံးပြီးနောက်ပိုင်း သူတို့၏ လုပ်ရပ်များ အတွက် အရှင်သည်သာ သိတော်အမူဆုံးသော သက်သေပင် ဖြစ်ကြောင်း ပြန်လည်လျှောက်တင်ဟန် ဖော်ပြသည့် သုတ်တော် တစ်ပါး ဖြစ်သည်။ ထိုထက်ပို၍ ရှင်းရလျှင် ကိုယ်တော်ယေရှု အသက်ထင်ရှား ရှိနေစဉ် ကိုယ်တော်ယေရှု၏ နောက်လိုက်များသည် သုံးပါးတစ်ဆူ ကိုးကွယ်ခြင်း မရှိသေးကြောင်း ဖြစ်၍– သုံးပါးတစ်ဆူ ဝါဒ ဖြစ်တည်နေခြင်းသည်ပင် ကိုယ်တော်ယေရှု သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သက်သေထင်ရှား ဖြစ်တော့သည်။